


ပိတ်ကားချိုချိုအနုပညာ


mgyoe.com

## နုနုရည်အင်းဝ

# တချို့အဆင်းလှ
# တချို့အဆင်းမလှ

ဒုတိယအကြိမ်

mgyoe.com



ဒီတခါတော့
ကောင်းကောင်းကြီး ဖြင်ဆင်ပြီးမှ
တွေ့ကဲ့တော့မယ်
လောကကြီးရေ. . .

အေးမာသီ

သားကြီးကျက်တဲ့ပီကော
မေမေလာပေးတဲ့အခါ
မျက်လုံးစိမ်းတွေနဲ့
သား ငြိမ်းဆန့်လိုက်မှာလားဟင်

မမြအိမ်

ငါ့ကို မလိမ့်တပတ်
မလုပ်ကြနဲ့နော်. . .
ပေး. . .ပေး. . .
ငါ့သမီးကိုမြန်မြန်ပေး. . .
အလကား အက်ဂျူကေးရှင်း
မရှိတဲ့ဟာတွေ

မစုး

# နုနုရည်အင်းဝ

## တချို့အဆင်းလှ တချို့အဆင်းမလှ

ISBN 9789997118424
FIC147
9 789997 118424
3,500.00KS

mgyoe.com

mgyoe.com

တချို့အဆင်းလှ တချို့အဆင်းမလှ၊ နနရည်အင်းဝ
မျက်နှာဖုံးပန်းချီ- မင်းဇော်
စာမျက်နှာ ၂၀၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၆၊ အင်ကြင်းမြိုင်စာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တချို့အဆင်းလှ
# တချို့အဆင်းမလှ

နုနုရည်အင်းဝ

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အေးမာသီ

ဇူလိုင်၊ ၁၉၈၄

ဒီအတိုင်းသာဆိုလို့ကတော့ ကြာခင်ဘူး၊ လူတော့ လုံးပါးပါးတော့မှာပါပဲ။ ကြည့်ဦးလေ… ဘဲဥနဲ့မျှစ်နဲ့ ရောချက်သတဲ့၊ သံပန်းကန်ပြား အလွတ်ကို ကိုင်ပြီးငိုင်နေမိတယ်။ ထမင်းခံဖို့တောင် စိတ်မပါတော့ဘူး။ ဘယ့်နှယ် တော် မျှစ်နဲ့ဝက်သားနဲ့၊ မျှစ်နဲ့ အမဲသားနဲ့၊ မျှစ်နဲ့ ပုစွန်နဲ့၊ ဒီလိုသာ ကြားဖူး ပါတယ်၊ ခုတော့ ကြည့်ဦး မျှစ်နဲ့ဘဲဥတဲ့။ မကြားစဖူး၊ ဘယ်သူများ စပ်တဲ့ ဟပ်တဲ့ ဟင်းမြတ်မဟာပါလိမ့်။

အေးလေ… ဘယ်သူပဲစပ်စပ် ဟပ်ဟပ် ကိုယ်နဲ့မဆိုင်ဘူး၊ ကြေးများ ဖို့၊ နှုတ်ခမ်းစူဖို့ကလည်း ကိုယ့်အမေအိမ် မဟုတ်ဘူး။ အားလုံးစားကြရမှာ ပဲ။ ဘာဟင်းနဲ့၊ ဘာထမင်းနဲ့ ဖြစ်ဖြစ် အားလုံးစားကြရမှာပဲ၊ ဒါပေမဲ့ ခက် နေတာက ဒီဟင်းကို 'မာသီ' လုံး၀ စားလို့မရတာက ပြဿနာပဲ၊ မျှစ်ကို မာသီ မကြိုက်ဘူး၊ မကြိုက်တာမှ မျှစ်ချိုလည်းမကြိုက်၊ မျှစ်ချဉ်လည်း မကြိုက်၊ ဘာဆိုဘာကိုမှကို မကြိုက်တာ။ ဒီတိုင်းပဲ ဘဲဥ… ကြက်ဥဆိုတာ ကလည်း မာသီသိပ်မုန်းတဲ့ အမျိုးအစားတစ်မျိုး။ ဒီနှစ်မျိုးကို မာသီဘယ်လိုမှ

mgyoe.com

mgyoe.com


စားမရလို့ ဘယ်တော့မှ မစားခဲ့ဖူးတာ၊ ခုတော့ ဒီနှစ်မျိုးကို တွဲလို့တောင် ချက်ထားတဲ့ ဟင်းနဲ့ ကြုံမှကြုံရပလေ။

မနက်ငါးနာရီထဲက ထထားရတဲ့ မာသီဗိုက်ကလည်း ခုဆယ်နာရီ ထမင်းစားချိန်မှာ ဆာလွန်းလို့ ဟူဟူမြည်နေပြီ။ ဘယ်နှယ့်လုပ်မလဲ၊ ထမင်းချည်း မျိုချရမည့်ကိန်း၊ ဟင်း… ဘယ်လိုမှ မမျိုနိုင်ပေါင်၊ အစား အသောက်နဲ့ ပတ်သက်ရင် ဒေါသက မီးလိုတောက်လာတတ်တဲ့ ထုံးစံ အတိုင်း ဒေါသကဖြစ်ချင်လာပြီ။ ဒါပေမဲ့ ဒီဒေါသကို မာသီ ဘယ်သူ့ပေါ် ပုံချရမှာလဲ။ အိုး… အိမ်မှာ ဆိုလို့ကတော့ ထမင်းစားပွဲမှောက်ပြီပေါ့။ အမေ့ ကြမ်းပြင်တွေ သိမ့်သိမ့်တုန်ပြီပေါ့၊ အမေ့လင် ကိုထွန်းတင် အိမ်ပေါ်က ဆင်းပြေးပြီပေါ့။

"ဟဲ့ ကောင်မ… ထမင်းခံလှည့်လေ၊ မျက်နှာကြီးက ပုပ်သိုးပြီး ဘယ် သူ့ ရန်လိုနေပြန်ပြီလဲ…"

ထမင်းထည့်ပေးနေတဲ့ အေးသိန်းက လှမ်းအော်တော့ ပိုပြီး ဒေါသ က ဖြစ်လာတယ်။ အေးသိန်းဘေးနားမှာ ဟင်းထည့်ပေးနေတဲ့ ဆရာမက လှမ်းကြည့်လိုက်လို့သာပေါ့။ မဟုတ်ရင်တော့လား မာသီ ဒေါသတွေ အားလုံး ဒီကောင်မပါးပေါ်မှာ ပုံကျသွားပြီသာမှတ်…။

ထမင်းခံပြီး ထမင်းပန်းကန်ကို စားပွဲပေါ်မှာ သွားသာ တင်ထားရ တယ်၊ အရင်နေ့တွေလို စိတ်ကမပါတော့ဘူး။ ဟုတ်တယ်၊ အရင်နေ့တွေဆို ဘာဟင်းနဲ့ပဲဖြစ်ဖြစ် စားရမှာကို မာသီပျော်နေတယ်။ အစားဟော့ဆို ရှေ့ဆုံး က ရောက်တတ်တဲ့၊ ဘယ်လောက်စားစားလည်း မဝနိုင်အောင် အစား မက်တဲ့ မိန်းမ ဒီနေ့အဖို့ကတော့ တကယ့်မဟာဒုက္ခ…။

"ကဲ… ကဲ ပြီးပြီလား၊ ထမင်းပန်းကန် ဟင်းပန်းကန်တွေအားလုံး တင် ပြီးပြီလား၊ ပြီးရင် တန်းစီမယ်"

ဆရာမက လှမ်းအော်တော့မှ ထမင်းခံရင်း ဟင်းခံရင်း တစ်ယောက် တစ်ပေါက် ဆူညံနေတာတွေ ငြိမ်ပြီး ထမင်းစားပွဲဘေးမှာ အပြေးအလွှား တန်းစီကြတယ်၊ ဆယ်ယောက်တစ်တွဲစီ။ ရှေ့နောက်တန်းလျက်။ စိတ်မပါ ပေမဲ့လည်း မာသီက ဆယ်ယောက်တစ်တွဲရဲ့ ရှေ့ဆုံးကနေ အော်ပေးရတဲ့ သူဆိုတော့ ရှေ့ထိပ်ကို သွားစီရတယ်၊ မာသီက အသံစွာ အသံစူးသူဆို

mgyoe.com

mgyoe.com


တော့ ရှေ့ထိပ်မှာ နေရတယ်လေ။

"ကဲ... အမှတ်စဉ်မှတ်..."

"တစ်... နှစ်... သုံး... လေး... ငါး... ခြောက်"

မာသီက စပြီး တစ်ကနေ သုံးဆယ်ထိ အော်သွားရတယ်၊ ပြီးတော့မှ မာသီက ကိုယ့်နောက်က ကိုးယောက်ကို လှည့်ကြည့်ပြီး။

"ကျွန်မ မာသီ၊ မအေးသိန်း၊ မစန်းချစ်၊ မရွှေအေး၊ မမြအိမ်၊ မဖြူဥ၊ မကြည်မွှေး၊ မခင်ခင်၊ ရီရီငွေ၊ မစူး၊ အားလုံး ဆယ်ယောက်ပါရှင်"

ကိုယ့်အစု ဘယ်လောက်ပြည့်တဲ့အကြောင်း ရှိတဲ့အကြောင်း တာဝန်ကျ ဆရာမကို သတင်းပို့ရတာပေါ့။ မာသီအော်ပြီးတော့ ဟိုဘက် ဆယ်ယောက်တွဲ နှစ်တွဲထိပ်က မိန်းကလေးနှစ်ယောက်ကလည်း ကိုယ့်နောက်က ကိုးယောက်ကိုကြည့်ပြီး အော်ပေးရတယ်။

"အားလုံး လူစေ့တယ်နော်၊ ပြီးရင် သစ္စာအဓိဋ္ဌာန်"

"ကျွန်မတို့သည် နိုင်ငံတော်မှ ကျွေးသောထမင်းဖြင့် အသက်ရှင်နေထိုင်ပါသည်။ ဤကျေးဇူးဖြင့် နိုင်ငံတော်ကို သစ္စာစောင့်သိပါမည်။ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုပါမည်..."

အရင်နေ့တွေ ဒီသစ္စာဆိုပြီဆို မာသီအသံက အကျယ်ဆုံး။ ဒါဆိုပြီးရင် စားရတော့မယ်ဆိုတဲ့ အသိက မာသီရင်ထဲမှာ အလိုလိုမြူးပြီး ပျော်လာတာပဲ။ ခုတော့ ပါးစပ်က နေ့တိုင်းဆိုနေကျမို့သာ ထွက်သွားရတယ်၊ လူကတော့ ဒေါသတစ်ဝက် စိတ်ညစ်တာကတစ်ဝက်။

သစ္စာဆိုပြီးလို့ စားပွဲမှာထိုင်ပြီး အလုအယက် စားသာစားကြရော... မာသီ ဘာလုပ်ရမှန်းမသိသေးဘူး။ သုံးယောက်တစ်ပန်းကန် ဟင်းခွက်ထဲက မျှစ်ဖတ်တွေကို အပြိုင်အဆိုင် ဆမ်းနေကြတဲ့ မရွှေအေးနဲ့ မဖြူဥရဲ့ လည်ပင်းတွေကို ထညှစ်ချင်စိတ်ပဲ ဖြစ်လာတယ်။ ဟိုးတုန်းက... အမေပြောဖူးတဲ့ 'နင်က အစားအတွက်ဆို လူတောင်သတ်မယ့် မိန်းမ' ဆိုတာကို သွားသတိရမိတယ်။

"ဟဲ့... ကျားသားမိုးကြိုး၊ ဒီတစ်ခါ မာသီ လက်နှေးလှချည့်လားကွယ့်"

မဖြူဥက ကချင်သံဝဲဝဲနှင့် အံ့ဩတကြီး ပြောနေလိုက်သေးတယ်။

mgyoe.com

mgyoe.com


ဟုတ်တယ်လေ အရင်လိုဆို ဟင်းခွက်မှာ မာသီ့လက်ချည်းပဲ။ ပါးစပ်က လည်း စား၊ လက်ကလည်း ဟင်းခွက်က ဖွန်းကို လွှတ်တော့တာမှ မဟုတ်တာ။ ထမင်းစားတိုင်း မာသီ အတိုင်ခံရတာချည်းပဲဥစ္စာ။ တိုင်လည်း တိုင်ချင်စရာ၊ ဘယ်... သုံးယောက်တွက် ကိုယ်တာဟင်းဟာ မာသီပန်းကန် ထဲမှာချည်း နှစ်ပုံလောက်က ရောက်နေတာ။

ခုတော့လည်း မရွှေမာသီတို့ ငြိမ်လို့။ ဒါပေမဲ့ မျက်နှာကတော့ ရှာ တော့မယ့်မိုးလို ညို့မှိုင်း အုံ့ဆိုင်းလို့။

"မာသီ ဘာဖြစ်လို့ မစားသေးလဲ၊ ဘာဖြစ်လဲ"

ဟော... ဆရာမ မြင်သွားပြီထင်တယ်။

"ဘာမှမဖြစ်ပါဘူး ဆရာမ...၊ သမီးစားမှာပါ"

ဘယ်လိုပဲ စိတ်ဆိုးစိတ်ဆိုး၊ ဘယ်လောက်ပဲ စိတ်ညစ်စိတ်ညစ်၊ ချိုသာကြောက်ရွံ့တဲ့ ဖြေသံလေးကတော့ ရှောရှောရှူရှူထွက်မှ၊ အင်း... လက်ကလည်း ထမင်းကိုနှိုက်မှ၊ စားမှ။ မဟုတ်ရင် ဟိုတစ်ပတ်က မိအေးသိန်းနဲ့ လုံးသတ်မိလို့ ဒဏ်ပေးခံရတဲ့ မြောင်းဖော်၊ အိမ်သာဆေး လုပ်နေရမှဖြင့် ပြဿနာ...။

ဟင်းရည်တွေပဲ ဆမ်းပြီး မာသီ နယ်စားပစ်လိုက်တယ်။ ဒါပေမဲ့ သိတဲ့အတိုင်း အနံ့က မတရားပြင်းတဲ့ မျှစ်နံ့ကြီးက အန်ထုတ်ပစ်ချင်စရာ။ ဘဲဥ ညှီနံ့ကြီးကလည်း ဆိုးလိုက်တာ လွန်ရော။ အရင် ထမင်းခဏခဏ ထတောင်းတတ်တဲ့ မရွှေမာသီ ဒီတစ်ခါ တစ်ပန်းကန်ကုန်အောင် ဘယ်လို သွတ်ရပါ့။ ဒါပေမဲ့ ကြိတ်မှိတ်ပြီး ကုန်အောင်သွတ်ရမယ်၊ ဒီလိုမှ မသွတ်ရင် ညနေစာ မရောက်ခင် ကြားထဲမှာ ဆာတဲ့ဒဏ်ကို လိမ့်နေအောင် ခံရလိမ့် မယ်။

နေ့လယ်စာ နို့ဆန်ပြုတ်လေး၊ သာကူယိုလေး ဒီနေ့ အလှည့်ကျ လိုက်စမ်းပါစေ၊ ရှိလိုက်စမ်းပါစေတော်...။ ဒီနေ့လည်း ဗလာနတ္ထိ ဆိုလို့က တော့၊ အေးလေ... ဘာတတ်နိုင်မှာလဲ၊ ညနေစာကို စောင့်ရုံပေါ့။ အဲ... ညနေစာသာ မျှစ်ထပ်လို့ကတော့ ပြီးရော။ အမေရေ... ကိုယ့်သမီးအကြောင်း ကိုယ်သိသားနဲ့ ဘာလို့များ ဒီဝဠ်ကြီးထဲမှာ ထားခဲ့ရတာလဲ။

အမေ့သမီး အတွက်ကတော့ စားချင်တာတွေကို အချိန်ရှိသရွေ့

mgyoe.com

mgyoe.com


တပျတ်ပျတ် စားမနေရတာဟာ ဝဋ်ဆင်းရဲကြီးတစ်ခုပဲအမေ။ နောက်ဆုံး ထမင်းလုတ်ကို ကြိတ်မှိတ်မျိုချရင်း အမေ့ဈေးဗန်းကို မျက်စိထဲမှာ မြင်ယောင်ပြီး ငိုချင်သလိုကြီး၊ ဗန်းနှစ်ချပ် ဆင့်ရွက်ရတဲ့ အမေ့ဈေးဗန်းက ဝက်သား ဝက်သွေးခဲ၊ သနပ်ပြည်၊ ခရမ်းချဉ်သီး၊ နှမ်းဖတ်ချဉ်၊ လက်ဖက်၊ မုန့်မျိုးစုံ… အို စုံလို့၊ အမေ့ခေါင်းပေါ်က အိမ်ဆိုင်အသေးစားလေးကို မာသီ လွမ်းလှပါဘိတော့တယ်။

သိတတ်စကတည်းက အမေ့ဈေးဗန်းနောက်၊ အမေ့နောက်မှာ တကောက်ကောက်လိုက်ရင်း ဈေးဝယ်တစ်ခါခေါ် တစ်ခါချ၊ မာသီက တစ်ခါနှိုက်စားလိုက်နဲ့ စားလို့မဆုံးဘဲ ရှိခဲ့တာတွေကို မာသီဘယ်လိုမှ မမေ့နိုင်ဘူး။

“ငါကတော့ မှျစ်စားပြီးရင် လက်ကို စင်အောင်မဆေးချင်ဘူး။ ငါ့လက်က မှျစ်နံ့လေး ပျောက်သွားမှာစိုးလို့…”

မုန်းစရာ ကောင်းလိုက်တာ၊ မကြည်မွေးက သူ့လက်ကို တရှုပ်ရှုပ် နမ်းလို့။ အရင်စားခဲ့ရတဲ့ အမေ့ဈေးဗန်းက မုန့်တွေရဲ့ အရသာတွေကို ပြန်စဉ်းစားနေတာတောင် ပျောက်သွားပြီ။ သေလိုက်ပါလား…၊ ဒီလောက် ကြိုက်နေရင်လည်း… ဟုတ်တယ် တကတဲမှ…။

“မိုးအေးအေးနဲ့ မှျစ်စားပြီး အိပ်လိုက်ရရင်တော့ ဖိမ်တကာ့ ဖိမ်ပဲပေါ့” မစန်းချစ်က တစ်မျိုး။ ဒီမှျစ်ချိုးမွှမ်းခန်းဟာ ပြီးပဲ မပြီးကြတော့ဘူးလား။ သူတို့အဖို့ကတော့ ဟုတ်ချင်ဟုတ်မှာပေါ့။ မိုးအေးအေးမှာ မှျစ်စားပြီး ကွေးရတာကို ဖိမ်ကြီးတစ်ခုလို မှတ်မှာပေါ့။

မာသီကတော့ မုန်းတယ်။ မိုးကိုရော… မိုးတွင်းမှာ လှိုင်လှိုင်ပေါ်တတ်တဲ့ မှျစ်ကိုရော မုန်းတယ်။ ဟောဒီလိုပဲ… မိုးတွေတစိမ့်စိမ့် ရွာနေတဲ့ မနှစ်ဇူလိုင်လတုန်းက အေးဇရပ် ကျေးရွာကောင်စီတွေက ဟောဒီအမျိုးသမီးရိပ်သာကို မာသီ့လိုက်ပို့ကြတာလေ။

* * *

အဲဒီတုန်းက မာသီတို့ မြင်းလှည်းလည်း ရိပ်သာရှေ့ရောက်ရော မိုးက ရွာချလာတာပဲ။ မြင်းလှည်းပေါ်ကဆင်းပြီး တံခါးပေါက်ကြီးနားမှာ

mgyoe.com

mgyoe.com

ထီးမပါ ဘာမပါနဲ့ မိုးရွဲခံပြီး ရပ်နေရတယ်။ မာသီနဲ့လည်း အဖော်ရ၊ မန္တလေးကို ဈေးဝယ်လည်း လိုက်လာတဲ့ ကောင်စီလူကြီးကတော်မှာလည်း တဘက်လေး တစ်ထည်ပဲပါတယ်။ သူ့တဘက်လေးက သူ့တစ်ခေါင်းလုံးတော့ လုံတာပေါ့။ သူ့ယောကျာ်းနဲ့ တခြားကောင်စီ နှစ်ယောက်မှာလည်း ဦးထုပ်တွေပါတယ်။ မာသီ့မှာသာ... အဝတ်ဖာလေး တစ်လုံးနဲ့ ဆောင်းစရာ ဗလာနတ္ထိ...။

မိုးကိုကြောက်လွန်းလို့ မဟုတ်ပါဘူး။ ဒါပေမဲ့... မာသီ့အဖျားက ခုမှ ပျောက်ခါစလေ။ မိုးမိပြီး ထပ်ဖျားမှာ စိုးတယ်။ သူတို့ ခေါ်လာတဲ့ ဘုမသိဘမသိ နေရာမှာ မာသီမဖျားရဲဘူး။ အို... အဲဒီတုန်းကတော့ မိုးမိတာထက်၊ ပြန်ဖျားမှာထက် တံခါးပေါက်က သော့ခလောက်ကြီးကို ကြောက်လန့်တကြား ကြည့်နေမိတယ် 'ကျောက်မြောင်းမြို့နယ် ပါတီယူနစ် နှစ်ပတ်လည်အစည်းအဝေး' ဆိုတဲ့ လက်ဆွဲအိတ်အပြာ ဆင်တူတွေနဲ့ ကောင်စီလူကြီးတွေ အထဲကို လှမ်းခေါ်နေကြတာကို စိတ်စောပြီး ကြည့်နေမိတယ်။

မာသီ ခုရောက်လာတဲ့ အမျိုးသမီးရိပ်သာဆိုတာ ဘယ်လိုဟာမျိုးလဲ၊ မာသီကို ဘယ်လိုထားမှာလဲ။ ဝင်းတံခါးကြားက ကြည့်ရတာတော့ ခြံဝင်းအကျယ်ကြီးနဲ့... နှစ်ထပ်တန်းလျားကြီးတွေနဲ့။ မိန်းကလေး တစ်ယောက်စ နှစ်ယောက်စလည်း မြင်ရရဲ့။

ခဏကြာတော့ အထဲက ဒရဝမ်နဲ့တူတဲ့ လူကြီးတစ်ယောက်က သော့လာဖွင့်ပေးတယ်။ ဆရာမတစ်ယောက်ကလည်း ဘေးမှာရပ်လို့။ မာသီတို့ တန်းလျားကြီး အောက်ထပ်ထောင့်စွန်းအခန်းထဲကို ခေါ်သွားပြီး ထိုင်ခိုင်းတယ်။ မှန်ဗီရိုတွေ၊ ကုလားထိုင်တွေနဲ့ တော်တော်ကောင်းတဲ့ အခန်း။ ဆရာမ ရုံးခန်းနဲ့တူရဲ့...။

"မှန်ပါတယ် ဆရာမ။ မိဘတွေက မရှိကြတော့ပါဘူး...၊ ကျွန်တော်တို့ရွာကလည်း မဟုတ်ပါဘူး။ တခြားက ရောက်လာတာပါ။ ရောက်လာတုန်းကတော့ သူ့ပထွေးဆိုတဲ့ သူနဲ့ပါ...၊ နောက်တော့ ပြောရမှာ အားလည်း နာပါတယ်။ ဒီလို ဆရာမရေ့..."

ရှိင်းချင်လည်း ရှိင်းပေစေတော့။ အခန်းဟိုဘက်ထောင့်ကဘာတွေရေးထားမှန်းမသိတဲ့ 'ဘော'ကြီးချိတ်ထားတဲ့ နေရာကို ဝုန်းခနဲ ထလာမိ

mgyoe.com

mgyoe.com


တယ်။ ဒါမှ သူတို့ပြောတဲ့ မာသီအကြောင်းတွေကို မကြားရမှာပေါ့။ သူတို့ ပြောပြနေတဲ့ အကြောင်းတွေဟာ မမှန်ဘူးလားဆိုတော့လည်း မှန်ပါတယ် လေ၊ သိပ်ကိုမှန်ပါတယ်။ ဒါပေမဲ့ အဲဒီအမှန်တရားတွေကို ကိုယ်က ကျူးလွန်ခဲ့ပေမယ့် တကယ့်တကယ်ကျတော့ မာသီ နားမထောင်ရဲဘူး။

ခေါင်းပေါ်နဲ့ မျက်နှာပေါ်က မိုးရေစက်တွေကို လက်နဲ့သပ်ချရင်း စာတွေရေးထားတဲ့ ဘောကြီးကို စူးစိုက်ကြည့်မိတယ်။ သူတို့ပြောတဲ့ အသံ တွေက မကျယ်လှတဲ့ အခန်းလေးထဲမှာ တစ်ချက်တစ်ချက် ကြားရသေး တယ်။

ဘောကြီးပေါ်မှာ ရေးထားတာတွေက 'တစ်နေ့တာ ဆောင်ရွက်ရန် လုပ်ငန်းများ' တဲ့။ ဩော်... အဲဒီ အမျိုးသမီးရိပ်သာဆိုတာမှာ ရှိတဲ့ အမျိုး သမီးတွေ လုပ်ရမှာတွေပေါ့။ ဘာတွေလဲ၊ မာသီ သိပ်စိတ်ဝင်စားသွားပြီ။ ဟုတ်တယ်လေ...၊ မာသီလည်း ဟိုဆရာမက လက်ခံရင် ဒီရိပ်သာမှာနေ ဒီအလုပ်တွေ လုပ်ရမှာပဲ မဟုတ်လား...။

'နံနက် ငါးနာရီထ၍ ဘုရားဝတ်ပြုရန်' တဲ့။ ပြဿနာပဲ၊ မာသီ ဒီအချိန် တစ်ခါမှ အိပ်ရာမထဖူးဘူး။ ပထွေး ကိုထွန်းတင် ခေါ်လာတုန်း က ကျောက်မြောင်းသွားဖို့ သင်္ဘောစီးတုန်းက တစ်ခါပဲ မနက်လေးနာရီ ထဖူးတာ။ ထားပါတော့လေ၊ ဘုရားဝတ်ပြုပြီးရင် ပြန်အိပ်ရမှာလား။ ဟင် ဘယ်ဟုတ်မလဲ။ ပြီးရင်... 'အိပ်ရာနှင့် အခန်းများကို သန့်ရှင်းရန်' တဲ့။ ပြီးတော့ကော... 'နံနက် ခုနစ်နာရီမှာ ရေချိုးရန်' တဲ့။ ပြီးတော့ ရေချိုးပြီးရင် စားဖို့လာမှာပေါ့။ ဟင်... နံနက်ဆယ်နာရီ ထမင်းစားရန်တဲ့။ အိုး... အဲဒါမှ အကြီးအကျယ် ဒုက္ခ။ ငါးနာရီကနေ ဆယ်နာရီထိ မာသီဘယ်လိုမှ မနေနိုင် ဘူး။ မနက်ခြောက်နာရီဆို မာသီ ထမင်းကြမ်းနဲ့အကြော် တဝတပြဲ သွတ် ပြီးပြီ။ ခုတော့ ဘယ့်နှယ်ရှိစ...။

ထမင်းစားပြီးရင်ကော။ 'နေ့လယ် ဆယ့်တစ်နာရီမှ ညနေနှစ်နာရီထိ ကြိမ်ထိုး၊ စက်ချုပ်လုပ်ငန်းများ သင်ကြားလုပ်ကိုင်ရန်'တဲ့။ အင်း... ဒါတွေ လည်း မာသီတစ်ခုမှ ဝါသနာမပါဘူး။ အေးလေ... သင်ဆိုလည်း သင်လိုက် ရတာပေါ့။ အရေးကြီးတာက နေ့လယ်စာက အဲဒီလုပ်ငန်းတွေ သင်ပြီးရင် လာမှာလား။

mgyoe.com

mgyoe.com


'ညနေ နှစ်နာရီက လေးနာရီထိ စိုက်ခင်းဆင်းရန်' တဲ့။ သွားပြီ၊ သေပြီ။ မစားရတဲ့ပြင် ကောက်စိုက်မလုပ်ရဦးမှာလား။ အို... ကျန်တာတွေ မာသီ ဆက်မဖတ်ချင်တော့ဘူး။ အဲ... အဲ မဖတ်ချင်ဘူးဆိုပေမယ့် နေဦး... နေဦး ညနေစာက ဘယ်အချိန်ကျွေးသလဲ။ ည ဆယ်နာရီလား၊ အင်း... ဘာတဲ့။

"ညနေ ငါးနာရီတွင် ထမင်းစားရန်တဲ့။ တော်သေးတာပေါ့။ နောက်ပြီး ညနေ ငါးနာရီကနေ ညထိ ကြားထဲမှာ ဘာတွေကျွေးသေးလဲ၊ ဟုတ်တယ်လေ... မာသီ သိချင်တာ ဒါပဲဥစ္စာ။ အစားကို သိပ်ခုံမင်တဲ့ မာသီ့အတွက်က ဒါအရေးကြီးဆုံးပဲဥစ္စာ။ ဘောပေါ်က စာလုံးလေးတွေကို ဆက်ပြီး ဂရုတစိုက်ဖတ်ပေမယ့် အို... သွားပြီ၊ မာသီ့မျှော်လင့်ချက်တွေ သဲထဲရေသွန်ပဲ။ အိပ်ချိန်ထိ ဘာမှမကျွေးတော့ဘူးတဲ့။ ဒုက္ခပါပဲ၊ စိတ်ပျက်လက်ပျက်နဲ့ ဆရာမနဲ့ ကောင်စီလူကြီးတွေကို ပြန်လှည့်ကြည့်လိုက်တော့ သူတို့က စကားကောင်းတုန်း ဆရာမအနေနဲ့ကလည်း လက်ခံမယ့်ပုံ"

ရင်ထဲမှာတောင် ဖျားချင်သလိုလို ဖြစ်လာပြီ။ မနက် ကျောက်မြောင်းက ထွက်ကတည်းက ဘာမှ မစားခဲ့ရသေးဘူး။ မျက်စိတွေကို ခဏမှိတ်ထားလိုက်တုန်းမှာ မာသီ့လက်ကို ဆတ်ခနဲ ဘယ်သူလဲမသိ၊ လာဆွဲတယ်။ အိုး... ဘယ်သူလဲ။ မျက်လုံးဖွင့်ကြည့်လိုက်တော့ မာသီ လန့်အော်တော့မလို့။ ကျောက်ပေါက်မာ ဗရပျစ်၊ ပုံပျက်ပန်းပျက်၊ မေးတစ်ခြမ်းရွဲ့စောင်းနေတဲ့ မိန်းမတစ်ယောက်။

"အိုး၊ ဘာလို့ လာဆွဲနေတာလဲ"

သူဆွဲထားတဲ့လက်ကို မာသီ အတင်းရုန်းတော့ သူက စူးစူးဝါးဝါးနဲ့ သူ့ပါးစပ်ကို ထမင်းစားတဲ့ဟန်... လက်ငါးချောင်းကိုစုပြီး သွင်းပြနေတယ်။

"ဟော... မရွှေအတို့ကတော့ သူငယ်ချင်းအသစ်ကို ဖိတ်ခေါ်နေပြီ။ သူက စကားမပြောတတ်ဘူးကွဲ့၊ မင်းကို ထမင်းစားဖို့ ခေါ်နေတာ"

ဆရာမက လှမ်းပြောတုန်းမှာပဲ သံချောင်းခေါက်သံ ပေါ်လာတယ်။ ထမင်းစားဖို့ အချက်ပေးတာထင်ရဲ့။ မရွှေအက မာသီ့လက်ကို အတင်းဆွဲခေါ်ရင်း သံချောင်းခေါက်နေတဲ့ဆီကို လက်ညှိုး ထိုးပြနေတယ်။

"သွားလေ... လိုက်သွားလေ၊ မင်းလည်း ဝင်စားပေါ့။ တစ်ယောက်

mgyoe.com

mgyoe.com

စာတော့ ပိုမှာပါ"

မရွှေအ ဆွဲခေါ်ရာနောက်သို့ ဘုမသိ ဘမသိ လိုက်ရင်း တန်းလျား အပေါ်ထပ်ကနေ ဆင်းလာကြတဲ့ မိန်းမအမျိုးမျိုးကို မာသီ မြင်ရတယ်။ မရွှေအကလည်း စိုက်ခင်းတွေအတွက် အိမ်သာတွေဘက်၊ အဆောက်အဦ တွေဘက် လက်ညှိုးထိုးပြပြီး ပါးစပ်ကလည်းဂူးဂူးဝါးဝါးနဲ့ ရှင်းပြတာလွန် ရော။

အင်း... ဒီပုံအတိုင်းကြည့်ရတာကတော့ နေရတာ လွတ်လွတ်လပ်လပ် ရှိသားပဲ။ အစားမစားရတာလေး တစ်ခုပဲ။ သေချာတာကတော့ မာသီ့ကို ချုပ်နှောင်ထားမယ့်ထောင် မဟုတ်ဘူးဆိုတာပဲ။ ထောင်မဟုတ်ရင် ပြီးတာ ပါပဲ မုန့်ကတော့ မာသီပါလာတဲ့ ပိုက်ဆံလေး မကုန်မချင်းတော့ ဝယ်စားရ မှာပေါ့။ ဟုတ်တယ်လေ၊ မာသီ့ဘဝမှာ အမက်မောဆုံးနှစ်ခုက အစားနဲ့ လွတ်လပ်ခြင်းပဲဥစ္စာ။

* * *

"ကဲ... ကဲ... ခဏတစ်ဖြုတ်နားပြီး တော်ပြီပေါ့၊ အလုပ်ခန်း သွားကြ တော့။ မူကြိုကျောင်းက ချုပ်ထည်တွေ အရေးကြီးနေတယ်လေ၊ သွားကြ... သွားကြ"

ထမင်း တစ်ပန်းကန်ကို ကြိတ်မှိတ်သွတ်ပြီး ထမင်းစားခုံထောင့်မှာ မိုးပေါက်တွေနဲ့အတူ မာသီ့အတွေးတွေက ဟိုရောက်သည်ရောက်။ ဆရာမ သတိပေးတော့မှ ရောက်တတ်ရာရာ အတွေးတွေကို သိမ်းပြီး သူများတွေနဲ့ သွားရောရတယ်။ မဖြူဥက အာသာပြေပုံမရတဲ့ မာသီ့မျက်နှာကို နားလည် သလိုကြည့်ပြီး...

"အေး... နေ့လယ်ခင်းကျ နင်စားရမှာပါဟယ်၊ နင့်မျက်နှာကိုကြည့် ရတာ ငါတစ်စက်ကလေးမှ စိတ်မချမ်းသာရပါလားဟဲ့..."

"ဘာစားရမှာလဲ၊ အင်္ကျီချုပ်စတွေကိုလား"

စိတ်က တိုနေတော့ ဘယ်သူ့ကိုမှ မာသီ အကောင်းမပြောချင်တော့ ဘူး။ အကြောင်းသိနေတဲ့ မဖြူဥကတော့ မျက်လုံးလေး ကလယ်ကလယ်နဲ့ စိတ်မဆိုးရှာဘူး။

mgyoe.com

mgyoe.com

အလုပ်ခန်းထဲ ရောက်တော့လည်း မာသီစိတ်မပါဘူး။ အဲလို စိတ်မပါတာများလွန်းလို့လည်း မာသီဘာမှ ကောင်းကောင်းမတတ်တာ။

တကယ်တော့ ဒီကြိမ်ထိုးတို့ စက်ချုပ်တို့ဟာ မာသီတို့အပြင်လောက ရောက်သွားတဲ့အချိန်မှာ သိပ်အသုံးဝင်မှာတဲ့၊ ထမင်းတစ်လုတ်ကို မိန်းကလေးတစ်ယောက်အနေနဲ့ ဣန္ဒြေရရ လုပ်စားရုံပဲတဲ့။ ထမင်းစားပြီး နေ့လယ်အားချိန် နားချိန်မှာ စိတ်လည်းမလေရအောင် စီစဉ်ထားတာကို စိတ်ပါလက်ပါ မသင်ထိုက်ဘူးလားတဲ့။ ဆရာမက ပြောတယ်။ အသိခေါက်ခက်နဲ့ အဝင်နက်ပြီး အစားလောက်ပဲ စဉ်းစားနေတော့ ပထမ ကြိမ်ထိုးသင်ကြည့်တယ်။ မရဘူး။ ကြိမ်ထိုးတာကို လုံးဝမတတ်တော့ စက်ချုပ်ပြောင်းသင်တယ်။ ချုပ်တော့ ချုပ်တတ်လာပါရဲ့၊ ဒီထက်ပို တိုးတက်မလာဘူး။ အင်္ကျီအကိုက် အညှပ် ဘယ်လိုသင်သင် မတတ်ဘူး။ လက်ချုပ်ကျပြန်တော့လည်း ဆင်တစ်လှမ်း မြင်းတစ်လှမ်း၊ အို မာသီ့အပြစ်လား၊ ငယ်ငယ်တုန်းက မာသီအဆော့ကြမ်းလွန်းလို့ ခဏခဏ စုတ်တဲ့ပြဲတဲ့ ထဘီ အင်္ကျီ မှန်သမျှကို အမေပဲ သီပေးတာဥစ္စာ။ ခု သင်လိုက်လို့ ချုပ်ရိုးဖြောင့်အောင် ချုပ်တတ်လာတာကိုပဲ တော်တော်ဟုတ်လှပြီ။

ဒီစက်ချုပ်ခန်းမှာက တာဝန်ကျဆရာမအပြင် စက်ချုပ်သင်ပေးတဲ့ ဆရာမရှိတယ်။ အဲဒီဆရာမက အင်္ကျီတွေကို ပုံညှပ်ပေးတယ်၊ ချုပ်နည်းသင်ပေးတယ်။ မချုပ်တတ်ခင်ကတော့ မှိုင်းခံစက္ကူတွေနဲ့ သင်ပေးတာပေါ့။ နောက် နည်းနည်း ချုပ်ရိုးဖြောင့်လာတော့ ဆရာမ ပုံညှပ်ပေးတဲ့ အင်္ကျီတွေ ချုပ်ရတယ်။

ချုပ်ရတဲ့ အင်္ကျီတွေကတော့ မူကြိုကျောင်းက ကလေးတွေအတွက် အပ်တဲ့အင်္ကျီ၊ ဘောင်းဘီတွေ များတာပါပဲ၊ ကျောင်းဝတ်ဖို့ အစိမ်းအဖြူနဲ့ သူတို့လေးတွေ အဆောင်မှာနေရင်းဝတ်အင်္ကျီ၊ ဘောင်းဘီလေးတွေပေါ့။ သူတို့လေးတွေက မာသီတို့လိုပဲ အစောင့်အရှောက်ခံနေရတဲ့ သက်ငယ်အဆင့် ကလေးတွေပေါ့။ မာသီတို့ကတော့ အမျိုးသမီး သက်ကြီးအဆင့်။ အဲ... မာသီတို့ဝတ်ဖို့လည်း ထဘီတွေ အင်္ကျီတွေ ချုပ်ရတယ်။ အဆောင်မှာနေရင် ဝတ်ဖို့ပါ။ ပုလိပ်စက်ရုံထွက် ထဘီစနဲ့ အင်္ကျီစတွေကို ချုပ်ရတာ။ ယူနီဖောင်းသဘောမျိုးလည်း မဟုတ်ဘူး။ ပုလိပ်ထွက်တော့ ပုလိပ်ထွက်

mgyoe.com

ချည်းပဲ။ ထဘီစနဲ့ အင်္ကျီစတွေက ဆင်တူလည်း မဟုတ်ဘူး။ ဒါပေမဲ့ အရောင်စုံ အသွေးဆင်စုံ။ ချုပ်ပြီးရင် ဘာရယ် ဘယ်သူရယ်မဟုတ်ဘူး။ အားလုံးတစ်ထည်စီ ကျရာဝေပေးလိုက်တာပဲ။ တစ်ယောက်ကို အဆောင်မှာနေရင်းဝတ်ဖို့ ပုလိပ်ထွက်လုံချည် သုံးထည်နဲ့ အင်္ကျီနှစ်ထည်စီလောက်တော့ရှိတယ်။ တစ်ခါတလေ ဆရာမ အဖော်ခေါ်သွားလို့ဖြစ်ဖြစ်၊ ကိုယ့်အဆောင်က ဖျားနာပြီး ဆေးရုံတက်လို့ သွားစောင့်တာမျိုးဖြစ်ဖြစ် တစ်ခုခုပေါ့လေ။ ဆရာမ ကြီးကြပ်မှုနဲ့ အပြင်ထွက်ရတဲ့အခါမျိုးမှာတော့ တက်ထရွန်ထဘီတို့ အိရှန်အင်္ကျီတို့ ဝတ်ရတယ်။ ကိုယ့်အိမ်ကပါလာတဲ့ အင်္ကျီ၊ထဘီကိုလည်း အဲလိုအခါမျိုးမှာ ဝတ်လို့ရတယ်။

ဒါတွေက မာသီအတွက် အဓိကမကျပါဘူး။ မာသီ့ကို ထဘီအင်္ကျီဘယ်နှထည်ပေးပေး၊ အရောင်လှလှ မလှလှ၊ မာသီ ရိပ်သာကို ဝင်လာကတည်းက သိမ်းထားလိုက်တဲ့ အမေ့ရှေးလုံချည်တူတယ်လေးတွေကိုမဝတ်ရ ဝတ်ရ အကြောင်းမဟုတ်ပါဘူး။ ပြဿနာ မဟုတ်ပါဘူး။

အဓိကကျတာက၊ အကြောင်းဟုတ်တာက မာသီရဲ့ မဝတဝပြဿနာပေါ့။ သူများတွေကတော့ မာသီ့ကို အစားကို မက်လွန်းတယ်တဲ့။ စဉ်းစားကြည့်...၊ အဖိုးတန် ဆီဦးထောပတ် အစားအသောက်တွေနဲ့ မဟုတ်ပေမယ့် လူမှန်းသိတတ်စ အရွယ်တည်းက ကိုယ်နဲ့တန်တဲ့ အစားအသောက်ကို အချိန်မရွေး စားခွင့်ရတဲ့ သူတစ်ယောက်ပဲ၊ ဒီမှာ ဘယ်မှာ အာသာပြေနိုင်ပါ့မလဲ...။

"ချုပ်ရိုးဖြောင့်ဖြောင့် ချုပ်စမ်း မာသီ၊ ဆရာမ လာကြည့်ပြီး အမှတ်လျှော့ပြန်ဦးမယ်၊ ဘာလဲ... ခုနမှ ထမင်းစားပြီးတာကို နင် ဆာနေပြီပေါ့လေ"

မာသီဘေးက အစ်မမြအိမ်က တိုးတိုး ကျိတ်ပြောတယ်။ သူ့ကိုတော့ဘာမှ ပြန်မပြောဘဲ မာသီ စက်ကို ဂရုစိုက်နင်းလိုက်တယ်။ အစ်မ မြအိမ်ကိုတော့ မာသီ ချစ်တယ်။ မာသီ့ကိုမှ မဟုတ်ဘူး၊ ဒီမှာ ရှိတဲ့ မိန်းကလေးအားလုံးကို သူအမြဲ ညာတာတတ်တယ်။ အစ်မမြအိမ်က မာသီတို့ထက်ခုနစ်နှစ် ရှစ်နှစ်လောက်ကြီးမှာပေါ့။ နှစ်ဆယ့်ခုနစ်နှစ်လို့ ပြောတာကိုး။ ဒါပေမဲ့ အဲလောက်အသက်လို့ သူက မထင်ရဘူး၊ ရုပ်လည်း မဆိုးဘူး။ သူ့မျက်နှာက အမြဲတမ်း ရွှမ်းမနေရင် သူ့မျက်လုံးတွေ အမြဲတမ်း ရီဝေမနေ

mgyoe.com

mgyoe.com
ရင် သူဒီထက်တောင် ပိုလှဦးမှာ။ အစ်မမြအိမ်ကို မာသီ အချစ်ရဆုံးကတော့ သူ့မှာရတဲ့ အစားအစာပဲဖြစ်ဖြစ်၊ သူ့မှာရှိတဲ့ အစားအစာပဲဖြစ်ဖြစ် အစား ငတ်တဲ့ မာသီ့ကို အမြဲတမ်း ခွဲကျွေးတတ်တာကိုပေါ့။

"မာသီက လိမ္မာပါတယ်ဟယ်၊ ညကျရင် အစ်မ မုန့်ရအောင် ရှာ ကျွေးမယ် သိလား။ အိုး... လေကလည်း တိုက်ပြန်ပြီ၊ နင့်ဘက်က ပြတင်း ပေါက် ထပိတ်လိုက် မာသီ၊ မိုးတွေပက်ကုန်ပြီ"

စက်ခုံကနေ မာသီ သွက်သွက်လက်လက် ထလိုက်တယ်။ အစ်မမြ အိမ်ဟာ ဘယ်လောက်ချစ်စရာ ကောင်းတဲ့အစ်မလဲ။ ညကျရင် မာသီ အဟုတ်ကို မုန့်စားရတော့မယ်။ မိုးတဖျုန်းဖျုန်း ပက်နေတဲ့ ပြတင်းတံခါးကို မာသီ ဆွဲပိတ်တော့ မိုးစက်တွေက မျက်နှာမှာ လာရိုက်တယ်။ အေးမြလိုက် တဲ့ အရသာ၊ ဒီလိုအရသာမျိုးနဲ့ မာသီ ပျော်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီ တုန်းက ပျော်ရတာက ရင်ထဲမှာ ခုလို တင်းကျပ်မနေပါဘူး၊ ဆာမနေပါ ဘူး၊ ဒေါသ ဖြစ်မနေပါဘူး။ ရင်ထဲမှာ ရှင်းလို့၊ လင်းလို့၊ ပျော်လို့။ ဗိုက်ကလည်း ဝလို့။ လွတ်လပ်လိုက်တာကလည်း မပြောနဲ့တော့။ သြော်... အဲဒီမှာတုန်းက အမေနဲ့ကိုးလေ...။

* * *

အမေ့ဈေးလှေလေးက လှိုင်းကြက်ခွပ်တွေကြားမှာ တလူးလူး တလိမ့်လိမ့်နဲ့။ အမေက ညို့နေတဲ့ မိုးသားတွေကို ကြည့်ပြီးလှေကို တအား ကျုံးလှော်နေတယ်။ ပြောရင်း ဆိုရင်းမိုးဖွားလေးတွေ ကျလာပြီ။

"မြန်မြန်လှော် အမေရေ...၊ မိုးတွေရွာလာပြီ"

လှေဦးမှာ နောက်ပြန်ထိုင်နေတဲ့ မာသီက လှေနံရံနှစ်ဖက်ကို တင်း တင်းဆုပ်ပြီး အမေ့ကိုအော်တော့ အမေ ခေါင်းညိတ်ရင်းက" သမီး ခမောက်လေး မြန်မြန်ဆောင်းစမ်းအေ မာသီ" တဲ့။ စိုးရိမ်တကြီးနဲ့၊ မာသီက တဖျန်းဖျန်းနဲ့ မိုးစက်တွေ မျက်နှာရိုက်တာကို သဘောကျပြီး မျက်နှာကို မော့ထားလိုက်တော့ သူ့ခေါင်းပေါ် ဆောင်းထားတဲ့ ပုဆိုးစုတ်ကို မာသီ့ဆီ လှမ်းပစ်ပြီး "လုံအောင်ခြုံထား၊ သမီး အအေးမိလိမ့်မယ်" လို့ ပြောပြန်ရော။

မာသီကတော့ ဒီနေ့ကျောင်းမလိုက်ရဘဲ အမေနဲ့ ဈေးရောင်းလိုက်ရ
mgyoe.com

mgyoe.com


ကတည်းက ပျော်နေတဲ့သူဆိုတော့ တခစ်ခစ်ရယ်ပြီး မိုးရေထဲမှာ သိပ်အူမြူး နေတယ်။ အမေ့ဈေးဗန်းပေါ် အုပ်ထားတဲ့ ပလတ်စတစ်စကို ဆွဲဖွင့်၊ ဖောက် ရောင်းလက်စ ခေါက်မုန့်အိတ်ကို ဆွဲယူတဲ့ပြီး "ဟော မိုးတွေရွဲကုန်ပြီ အမေ...၊ သမီး စားလိုက်တော့မယ်" ဆိုပြီး တကျွတ်ကျွတ်ဝါးစားတော့...

"ဩော်... အရူးလား အေးမာသီရယ်" တဲ့။ မျက်နှာကတော့ ပြုံး လို့...။

မာသီက ခပ်ရွှတ်ရွှတ်နဲ့ 'အမေ... သမီးကို အေးမာသီလို့ ခေါ်ရင် နောက်နေ့တွေ ကျောင်းမသွားဘူး' လို့ ခပ်တည်တည်ပြောတော့ "အိုအေ... သမီးကလည်း အရပ်ထဲကလူတွေ မခံချင်လို့ ခေါ်တာကို သမီးသိသားနဲ့၊ နောက်ကို မခေါ်ဘူး...၊ ကျောင်းတော့လိုက်'တဲ့။ မျက်နှာငယ်လေးနဲ့။

အမေက... မာသီကို ကျောင်းသိပ်နေစေချင်တဲ့ သူဆိုတော့ 'ဒီလိုဆို ရင် ကျောင်းမနေဘူး' ဆိုပြီး တစ်ချက်ဆိုးပြရုံနဲ့ အားလုံးကို လိုက်လျော တတ်ရှာတယ်။ အခုလည်းကြည့်...၊ ဒီနာမည်ခေါ်တာကို မာသီနှုတ်ခမ်းစူ တော့ ချက်ချင်း လိုက်လျောရှာတာပဲ မဟုတ်လား။

မာသီတို့ အရပ်ထဲက လူတွေကလည်း ခက်ပါတယ် 'အေးမာသီ' ဆိုတဲ့ နာမည်မှည့်တာကိုပဲ အမေတို့မှာ အပြစ်ကြီးတစ်ပြစ်။ ကိုယ်နဲ့ မတန် ရာနာမည်မှည့်တယ်တဲ့။ ဘာဆိုင်လဲ၊ ရွာလည်ဈေးရောင်းသည်နဲ့ လက် သမားသမီး ဒီလိုနာမည်မျိုး မမှည့်ရဘူးလား။ ဘယ်သူဘယ်ဝါ သမီးမှ ဒီလိုမှည့်၊ ဘယ်သူဘယ်ဝါ သမီးဆို ဒီလိုမမှည့်ရလို့ ဥပဒေရှိလို့လား။ မရှိပေမယ့် မာသီတို့ ရပ်ကွက်ထဲက လူတွေကတော့ သူတို့ ဥပဒေနဲ့သူတို့ မာသီ့ကို နာမည်ပြင်ခေါ်ကြတယ်။ 'မိအေး' တဲ့။ နောက်ပြီး ဝလွန်းလို့ 'ဝက်ပုပ်' တဲ့...။

ကဲ... အမေ ဒေါသမဖြစ်ရှိမလား။ မိဘပဲ၊ ကိုယ့်သမီးလေး ချစ်လွန်း လို့ နာမည်လှလှလေး ပေးတာတောင် ဖျက်လိုဖျက်ဆီးနဲ့။ အဲဒီတော့ အမေက နင်တို့မခေါ် ငါ့သမီးငါခေါ်တယ်ဟေ့ ဆိုပြီး... လူရှေ့သူရှေ့တွေမှာ 'အေး မာသီ အေးမာသီ' နဲ့ ရွဲ့ပြီး တအားခေါ်တာပဲ။ ဒီလိုနဲ့ အကျင့်ဖြစ်နေတာကို မာသီ မကြိုက်ဘူး။ မာသီ မမှတ်မိလိုက်တဲ့ အဖေရော၊ နောက်ပြီး အမေက ရော မာသီကို' သမီး' လို့ပဲ ခေါ်စေချင်တာ။

mgyoe.com

mgyoe.com


အဖေက မာသီ တစ်နှစ်သမီးလောက်မှာ သံစူးပြီးသေတာတဲ့။ အဖေ မသေခင်တည်းက အမေက ရွာလည် ဈေးသည်လုပ်နေတာဆိုတော့ ဒီအလုပ်ကို ဆက်လုပ်ပြီး ကလေးတစ်ယောက်နဲ့ ဣန္ဒြေမပျက်ခဲ့ဘူးပေါ့။

မာသီငယ်ငယ် နို့စို့အရွယ် အမေဈေးရောင်းထွက်တော့ ဘေးအိမ်မှာ အပ်ခဲ့ရတာတဲ့၊ အဲဒီဘေးအိမ်က မိန်းမကြီးနို့ကို စို့ရင်း သူ့ကလေးတွေကြားမှာ ရောနှော ကြီးရတာပေါ့။ ဒါပေမဲ့ အမေက အရင်လို ဟိုရွာသည်ရွာ တောင် မလည်ဘူး၊ ကိုယ့်ရွာထဲမှာ လှည့်ပြီး ဒီနေ့စားလောက်ရင် မာသီ့ဆီ သုတ်ခြေတင် ပြေးခဲ့တာပဲတဲ့။

မာသီ နှစ်နှစ်ကျော် သုံးနှစ်လောက်ကျတော့ သူဈေးရောင်းရာ ခေါ်တော့တာပဲ။ မာသီ့ကို ပုဆိုးတစ်ထည်နဲ့ပိုး၊ ဈေးဗန်းကြီး ခေါင်းပေါ်တင်ပြီး အရောင်းထွက်တော့တာပဲ။ ကလေးငိုတဲ့အချိန် ချပြီး နို့တိုက်တာပဲတဲ့။ ပြီးတော့မှ ဆက်ရောင်းပေါ့။

မာသီတို့ မြစ်ကမ်းနားရွာတွေ ရေကြီးတဲ့ ခုလိုအချိန်မျိုးမှာလည်း ရေကြီးရင် ဈေးရောင်းဖို့ အဖေစပ်ပေးခဲ့တဲ့ လှေလေးပေါ်မှာ အမေ ဈေးဗန်းကိုတင်၊ မာသီ့ကို ရင်ခွင်ထဲထားပြီး သွားတာပါတဲ့။

ကျောင်းထားတော့မယ်ဆိုတော့လည်း အမေ့မှာ သုံးလေးရက်လောက် ဈေးရောင်းပျက်ပြီး ဒုက္ခကိုရောက်ရောတဲ့။ အမေနဲ့သမီး ဒီလောက် မခွဲမခွာ နေမှတော့ ဘယ်ရတော့မလဲ။ မာသီကလည်း ပညာနဲ့ကို အကျိုးမပေးချင် လို့ထင်ရဲ့၊ ကျောင်းသိပ်ပျင်းတာပဲတဲ့။ အမေ့မှာ ချော့တစ်လှည့်၊ ခြောက်တစ်လှည့်နဲ့ ကျောင်းသွားအောင် ပြောရဟောရတာ လွန်ရောတဲ့။

မာသီ့ဘာသာ ကျောင်းသွားပြန်တော့လည်း သူ့မှာ ဈေးရောင်းရင်းက လွမ်းလို့တဲ့၊ မျက်ရည်ကျရသေးသတဲ့။ အဲဒီကတည်းက မာသီ့လွယ်အိတ်ထဲမှာ အမေ့ဈေးဗန်းထဲက မုန့်ကျန်တွေအပြည့်နဲ့။ သူငယ်ချင်းတွေက တောင် သွားရည်ကျရဲ့။ အမေက သူ အငတ်ခံတယ်၊ မာသီ့ကိုတော့ ဗိုက်ပေါက်ထွက်မတတ် ကျွေးတတ်တာမျိုး။

ထမင်းဟင်းဆိုရင်လည်း ဟင်းကောင်းကြိုက်တဲ့၊ ဟင်းစားလည်းကြီးတဲ့ သမီးအတွက် သူရောင်းတဲ့ ဝက်သားထုပ်၊ အမဲသားထုပ်တွေထဲက နည်းနည်းစီ နုတ်ထားတတ်တဲ့ အသားစလေးတွေကို ဈေးရောင်းပြန်တာနဲ့

mgyoe.com

mgyoe.com


တကုန်းကုန်းချက်တာ၊ ရေတောင် မချိုးနိုင်ဘူး။ ခဏနေ ကျောင်းပြန်လာရင် မဟားတရား ဆာလာတတ်တဲ့ သမီးလုပ်တဲ့သူစားဖို့။ မာသီပြန်လာရင် စားစမ်း ကြိုက်သလောက်။ သူကတော့ အမြဲ တို့ကာပင့်ကာ စားတတ်တာ။

ကျောင်းပိတ်ရက်တွေမှာ ဈေးရောင်းတဲ့နောက် မာသီလိုက်တော့ လိုက်လည်းလိုက်စေချင်၊ မလိုက်လည်း မလိုက်စေချင်ပြန်ဘူး။ သူ့သမီး ဈေးသည်ဖြစ်မှာ ကြောက်ပြန်ရော၊ မာသီကတော့ ကျောင်းနေရတာထက် အမေနဲ့ ဈေးရောင်းလိုက်ချင်တယ်။ ဈေးရောင်းတာက အမေနဲ့လည်း အတူ နေရတယ်၊ မုန့်လည်း အချိန်မရွေး နှိုက်စားနိုင်တယ်။ ဒီနေရာ ဈေးဗန်းတစ်ခါချရင် မာသီကတော့ တစ်ခါနှိုက်စားပစ်တာပဲ။ တကယ်… မာသို့ပါးစပ်က လည်း ဘာစားစား အမြဲတမ်းချိုနေတာပဲ။

ခုလို ရေကြီးတဲ့ အချိန်မှာဆို မာသီ အမေနဲ့ ပိုလိုက်ချင်သေးတယ်။ လှေစီးရင်း ဈေးရောင်းရတာ ဘယ်လောက်ပျော်စရာကောင်းလဲ။ ကျောင်း ပြေးပြီး ဗွတ်လိုက်တာပဲ။ အမေကတော့ ချစ်တဲ့စိတ်နဲ့ ခေါ်ရှာပြန်တာပဲ။ လိုက်ပြီးတော့လည်း မာသီက ဘာများအားကိုးရလို့လဲ၊ တက်တစ်ချောင်း တောင် ကိုင်တာမဟုတ်ဘူး။ အမေကလည်း အကိုင်မခံဘူး။ သူသာ ကျုံး လှော်တာ။ သူ့သမီး လှေဦးမှာထိုင်ရင်း မုန့်နှိုက်စားနေတာကိုပဲ ကျေနပ်နေ တာ။ ရေမြုပ်နေတဲ့ အိမ်တံစက်မြိတ်လေးတွေအောက်မှာ လှေလေးကို ဝင်ကပ်ပြီး တစ်အိမ်ဝင်တစ်အိမ်ထွက် ဈေးလိုက်ရောင်းခဲ့တာတွေလေ၊ မာသို့ကိုသိပ်ချစ်တဲ့ အမေနဲ့အတူပေါ့။

* * *

ငယ်ငယ်တုန်းက မာသီနဲ့ အမေ့အကြောင်းတွေကို ပြန်တွေးနေရတဲ့ အချိန်မျိုးမှာတော့ ဆာတာတွေက ခဏပျောက်နေပြန်ရော။ အဲဒီခဏလေး ပြီးသွားတော့လည်း စက်ချုပ်သံတဂျုံးဂျုံးကြားထဲမှာ မတရား ဆာလာပြန် ရော။

“နှစ်ချက်ထိုးပြီးပြီ၊ ခဏနားကြ၊ ပြီးရင် စိုက်ခင်းဆင်းမယ်နော်”

ဟင်း… မျှော်လင့်သမျှလေးတော့ သွားပြန်ပေါ့။ ဒီနေ့လယ်စာ ဘာမှ မစားရတော့ဘူးပေါ့။ နေ့လယ်စာသာရှိရင် စိုက်ခင်းမဆင်းခင် ဒီလိုအချိန်

mgyoe.com

mgyoe.com

မျိုးမှာ ကျွေးတယ်လေ။ အကောင်းစား၊ အဝစားရယ်တော့ မဟုတ်ဘူးပေါ့။ နို့ဆန်ပြုတ်ဖြစ်ဖြစ်၊ သာကူယိုဖြစ်ဖြစ် အရည်ကျဲကျဲ တစ်ပန်းကန်စီတော့ သောက်ရတယ်။ မဝပေမယ့် အာသာတော့ ပြေတာပေါ့။ အထူးသဖြင့် ခုလိုနေ့မျိုးဆို မာသီအတွက် သိပ်တန်ဖိုးရှိတာပေါ့။

စိုက်ခင်းတွေထဲက မြင်းခွာရွက်တို့ ကျွဲကျောင်းမှင်ရွက်တို့ကိုခူးပြီး သုပ်ရင်တော့ မာသီတို့ အတော်ဝဝစားရရဲ့၊ အင်း.. အဲဒီအရွက်တွေက လည်း ခူးပါများလွန်းလို့ မိုးတွင်းမှာတောင် အညွန့်အတက်မလူနိုင်တော့ ဘူး။ တစ်ခါတလေ ဟင်းအဖြစ်စားဖို့လည်း ဒီထဲကပဲ ခူးရတာကိုး။

နေ့လယ်စာ နေ့တိုင်းစားရဖို့အတွက် မာသီတို့ ရိပ်သာမှာ ရန်ပုံငွေ မရှိဘူးတဲ့ ၊ ဆရာမကလည်း ပေးတဲ့ငွေနဲ့ ထမင်းဟင်းကိစ္စလောက်အောင် စီမံရတာ ဘယ်လောက်မောတယ်မှတ်လဲတဲ့။ မာသီတို့အတွက် တစ်ယောက် ကို တစ်နပ် တစ်ကျပ်နှုန်းကျနဲ့ပေးတဲ့ လှူသုံးဆယ်စာ လေးဆယ့်ငါးကျပ်ကို ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်နဲ့ ဟင်းချက်စရာ တစ်နေ့စာ ဖန်တီးပေးရတာ ဘယ်လောက် ဦးနှောက်ခြောက်တယ်မှတ်လဲတဲ့။ ဒါကြောင့် ဆရာမက သူ့ ဦးနှောက်ခြောက်သက်သာအောင် စိုက်ခင်းထဲက စားပင်တွေကို မာသီ တို့ကို အတင်းပြုစုခိုင်းနေတာ။

"ဒီနေ့ ထမင်းချက်ဖို့ အလှည့်ကျတဲ့ သူတွေက ညနေစာသွားချက် ချေကြတော့၊ ကျန်တဲ့လူတွေ လာကြ"

ထမင်းချက်ကျတဲ့ မိန်းမတွေ မီးဖိုဆောင်ဘက် သွားတဲ့နောက်ကို မာသီလိုက်သွားချင်လိုက်တာ၊ ထမင်းချက်ကျတဲ့နေ့ဆို မာသီသိပ်ပျော်တာ။ တဆတ်ဆတ် ပါးစပ်လှုပ်ချင်နေတဲ့ မာသီက ချက်ဖို့ပြုတ်ဖို့ ကူရင်းညီရင်း အစိမ်းစားလို့ရတာ မှန်သမျှ အကုန်ပါးစပ်ထဲ ထည့်တာပဲ၊ ယုတ်စွအဆုံး ဆားဖြစ်ဖြစ် တို့လျက်နေတတ်တာ၊ ထမင်းရည်လည်း သောက်လို့ရတယ်၊ ဟင်းမြည်းလို့လည်းရတယ်။ ဟင်းမြည်းလွန်းလို့ မာသီတို့ အစုခေါင်းဆောင် အစ်မမြအိမ်ရဲ့ အဆူအငေါက်ကိုအခံရဆုံး။ မာသီကတော့ နေ့တိုင်း သူ ထမင်းချက်ကျရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ အမြဲတမ်းတွေးမိ တယ်။ အင်း နောက်တစ်နေ့ထင်တယ်၊ မာသီတို့အလှည့်။ ဆရာမ... မျှစ် တွေ ထပ်ဝယ်မလာပါစေနဲ့တော်။

mgyoe.com

mgyoe.com


"အို... နေ့တိုင်းဆင်းတာတောင် 'ပေါင်း' တွေ 'မြက်' တွေကလည်း မနည်းပါလား"

ဆရာမက စိုက်ခင်းကို လျှောက်ကြည့်ပြီး အံ့သြနေတယ်။

ဟုတ်ပါရဲ့...၊ မိုးတွင်းမို့ ထင်ပါရဲ့ ပေါင်းပင် မြက်ပင်တွေက သန်လွယ်လိုက်တာ။ မာသီတို့ မြက်တွေ စနုတ်ကြတယ်။ တချို့တွေက ဘူးပင်တို့ ရုံးပတီပင်တို့ ခြေရင်းမှာ မြေဆွကြတယ်။ တချို့က အမှိုက်သယ်ပြီး ပစ်ကြပေါ့။

ပေါင်းပင်တွေကို ဆွဲနုတ်ပစ်ရင်း လက်တွေတောင် တုန်လာတယ်။ ဆာတာလေ။ တံခါးဝကို လှမ်းကြည့်တော့ ဒရဝမ်လူကြီးက စာအုပ်တစ်အုပ်နဲ့ ထိုင်နေတာ မြင်ရတယ်။ အဲ...ဦးလေးကြီး မအိပ်ပါလား။ အရင် ဒီချိန်ဆို သူအိပ်နေကျ။ မာသီ့အနားမှာ ကပ်ပြီး မြက်နုတ်နေတဲ့ ရီရီဌေးကို မာသီ အသာလက်တို့ရတယ်။

"ရီဌေး၊ နင့်မှာ... ပိုက်ဆံတစ်မတ်လောက် ရှိလား"

ရီဌေးက မျက်လုံးပြူးပြီး တိုးတိုးလေး "မရှိဘူး...၊ နင်မုန့်ဝယ်မလို့လား၊ ဆရာမသိရင် ဟိုတစ်ခါလို့ နင်ဒဏ်ပေးခံရဦးမယ်" တဲ့။

"အို... ပေးပေး... ငါသိပ်ဆာနေပြီ၊ ဆရာမ မမြင်ပါဘူး၊ အမှိုက်ပစ်သလိုလိုနဲ့ သွားဝယ်ခိုင်းမှာပေါ့၊ နေဦး... အစ်မမြအိမ်မှာများ ပိုက်ဆံရှိလား မသိဘူး"

အမှိုက်တွေ အားရပါးရကျုံးနေတဲ့ အစ်မမြအိမ်ဆီကို အသာကပ်သွားရတယ်။ အစ်မမြအိမ်ကတော့ အိမ်ကို ခဏခဏစာထည့်တတ်တာဆိုတော့ သူ့မှာ တစ်မတ်၊ ငါးမူးတော့ ရှိနိုင်တယ်။ အလုပ်ကြိုးစားတဲ့သူဆိုတော့ ဆရာမတွေကလည်းယုံတယ်။ မာသီတို့သာ ညာတောင်းပြီး မုန့်ခိုးဝယ်စားတတ်လွန်းလို့ ဆရာမက ပိုက်ဆံမပေးတာ။

မာသီတို့အားလုံး ပိုက်ဆံမကိုင်ရဘူးလေ။ ဒီထဲကို ဝင်ကတည်းက ပါသမျှ ရွှေငွေပစ္စည်း အဝတ်အစား၊ ဆရာမက အားလုံးသိမ်းထားလိုက်တာ။ နောက် မာသီတို့ စက်ချုပ်တတ်လို့ အလုပ်လုပ်ပြီး ရတဲ့ငွေကိုလည်း သူ့စာရင်းနဲ့သူ သိမ်းထားတာ။ မာသီတို့ ဒီကနေ ထွက်ခွင့်ရတဲ့တစ်နေ့၊ အင်း... လိမ္မာပြီလို့ ယူဆတဲ့တစ်နေ့ပေါ့လေ၊ အဲဒီကျမှ အားလုံးပြန်ထုတ်ပေးတာ။

mgyoe.com

mgyoe.com


ခုလောလောဆယ်မှာ ကိုယ်ဆက်သွယ်ချင်တဲ့သူဆီ စာထည့်ဖို့တို့၊ နေမကောင်းလို့ တစ်ခုခုလေးစားချင်ရင်တို့လို အခါမျိုးကျမှ တွက်ချက်ပြီး ထုတ်ပေးတာ။ မာသီတို့တွေကလည်း စာထည့်ဖို့ဆိုပြီး တွင်တွင်တောင်းပြီး ဒရဝမ်ဦးလေးကြီးကို မုန့်ဝယ်ခိုင်းကြတာပဲ။

စာထည့်ဖို့အတွက်ကတော့ ဘယ်သူမဆို ထုတ်ပေးတာပဲလေ၊ ဘာကြောင့်လဲဆိုတော့ ဒီထဲမှာ ရောက်လာသူတွေက အမျိုးမျိုးမဟုတ်လား။

ဒီအမျိုးသမီး ရိပ်သာမှာ လေးမျိုးခွဲပြီး လက်ခံတယ်။ 'ဆင်းရဲချို့တဲ့' ရယ်၊ 'အုပ်ထိန်းမနိုင်' ရယ်၊ 'လေလွင့်ပျက်စီး'ရယ်၊ 'အသက်မပြည့် အပြစ်ကျ' ရယ်။

အဲဒီလေးမျိုးထဲမှာ အကျုံးဝင်ပြီး ကောင်စီထောက်ခံစာနဲ့တကွ ရောက်လာတဲ့ မိန်းကလေးတွေကို ဒီအထဲမှာ အုပ်ထိန်းသူဆရာမတွေက လိမ္မာပြီလို့ မယူဆမချင်း ရက်အကန့်အသတ်မရှိ နေရမယ်။ 'အသက်မပြည့်အပြစ်ကျ' ကလွဲရင်ပေါ့။ သူတို့ကျတော့ ငါးနှစ်ဆို ငါးနှစ်၊ သုံးနှစ်ဆိုသုံးနှစ်၊ နှစ်စေ့ရင် လွှတ်ပေးရတယ်။

ဒီအမျိုးမျိုးသော မိန်းကလေးတွေအတွက် လိမ္မာလာရင် အပြင်မှာရှိတဲ့ မိဘမောင်ဖွားက လာခေါ်ဖို့၊ မရှိရင်လည်း တခြားစိတ်ချရမယ့် ဆွေမျိုးသားချင်းတွေနဲ့ ဆက်သွယ်ဖို့။ တချို့လည်း ကွဲနေတဲ့ ရည်းစားတို့၊ ယောကျ်ားတို့ပေါ့လေ။ အဲလိုမှ မဟုတ်ရင် သူငယ်ချင်းဆီပေါ့။ စာနဲ့ ဆက်သွယ်ခွင့်ပေးတယ်။ စာအိတ်ဖိုး၊ တံဆိပ်ခေါင်းဖိုး ထုတ်ပေးတယ်။ အစောင့်ဒရဝမ် ဦးလေးကြီးကို ဝယ်ခိုင်းရင်ရတယ်။

မာသီကတော့ ထည့်စရာလည်းမရှိဘူး၊ ရှိလည်းမထည့်ဘူး။ လောကကြီးမှာ မာသီအရေးလုပ်တာ အမေတစ်ယောက်ပဲဥစ္စာ။ ဆရာမကို စာထည့်မယ်ပြောပြီး အကုန်မုန့်ဝယ်စားပစ်လိုက်တာပဲ။ မဝယ်စားဘဲ ပိုက်ဆံလေး အသာကပ်ထားရင်လည်း ပျောက်တာများတယ်လေ၊ များများစားစားလည်း မဟုတ်ပါဘူး၊ ငါးမူးတစ်ကျပ်ပါ။ မပျောက်ဘူးထားဦး၊ ဆရာမသိသွားရင် အသိမ်းခံရပြန်ရော။ ဒဏ်ပေးခံရပြန်ရော။

ခုလည်း ပြဿနာပဲ။ အစ်မမြအိမ်က သူ့ရှိတဲ့ တစ်မတ်ကို အိတ်ထောင်ထဲက ခဲခဲယဉ်းယဉ်း နှိုက်နေတုန်း ဆရာမက ဒီဘက်လျှောက်လာတယ်။

mgyoe.com

mgyoe.com


အစ်မမြဲအိမ်မှာ ကြောက်သွားလိုက်တာလွန်ရော။

"အစ်မတောင်းပန်ပါတယ် မာသီရယ်၊ ခဏနေ ထမင်းစားရတော့မှာ ဥစ္စာ၊ မိသွားရင် မကောင်းဘူး"

မာသီဘာတတ်နိုင်မှာလဲ၊ လက်လျှော့ပြီး၊ ထမင်းစားချိန်ကို စောင့်ရတော့မှာပေါ့။ အို... ဒီထဲရောက်နေတဲ့ တစ်နှစ်တာတွင်းမှာ လျှော့ရပေါင်းတွေများနေပါပြီလေ။ လိုတာမရရင်၊ လုပ်ချင်တာ မလုပ်ရရင် ဒေါသတကြီး စိတ်ကောက်တတ်တဲ့ အေးမာသီ။ ခုတော့ ဘာများတတ်နိုင်သေးပါသလဲ။ မာသီ သိပ်မက်မောတဲ့၊ သိပ်လိုချင်တဲ့ လွတ်လပ်ခွင့်တွေလေ။ ကြာပါပြီလေ ဆုံးရှုံးခဲ့တာ၊ လွတ်လပ်ခွင့်တွေလေ၊ မာသီချစ်တဲ့ အမေနဲ့တုန်းက ရခဲ့တဲ့ လွတ်လပ်ခွင့်တွေ။

နွားမခြံရုံမှာ ပြတဲ့ ဓာတ်ရှင်တွေမှာ အမေနဲ့ မာသီညတိုင်းတွေ့ရမယ်။

ဗလာဓာတ်တွေ အငြိမ့်တွေမှာ၊ လမ်းမပေါ် ထောင်ပြတဲ့ ဗဟိုဓာတ်ရှင်မှာ အို... ရွာနီးချုပ်စပ်က ပျော်ပွဲရွှင်ပွဲ ဟူသမျှမှာ။ သြော်... အမေက ပွဲတွေ ဓာတ်ရှင်တွေကို သိပ်ကြိုက်ရှာတယ်လေ။

* * *

လေတွေမိုးတွေကျလာတဲ့ နွားမခြံရုံ... ဓာတ်ရှင်တစ်ညတုန်းကများ မာသီပျော်လိုက်တာ။

အဲဒီညက မိုးရိပ်လေဆင်ရှိမှန်းအမေသိသားပဲ။ ဒါပေမဲ့ အချိန်ကျတော့ မနေနိုင်တော့ဘူးလေ။ တကယ်တမ်းကျတော့လည်း အဲလိုပြတုန်းလေး ကြည့်ရတာပါ။

နွားမခြံရုံဆိုတာမျိုးက တစ်နှစ်လုံးပြနေတဲ့ ရုံမျိုးမှမဟုတ်တာ။ ဒီရွာမှာ မဟန်ရင် ဟိုရွာပြောင်းသွားတတ်တာမျိုးပဲ။ သူတို့အဖို့ ရုံဖျက်တယ်ဆိုတာလည်း ခက်တာမှ မဟုတ်တာ၊ ဘေးပတ်လည်ကာထားတဲ့ ထရံတွေခွာ နောက်နားက ပြစက်တင်တဲ့ တဲလေးဖျက်၊ ထောင်ထားတဲ့ ပိတ်ကားဖြုတ်လိုက်ရုံပဲဥစ္စာ...။

ဒီတော့ မာသီတို့မှာ ပြတုန်းလေး မပျက်မကွက်ကြည့်ပါမှ သားအမိ

mgyoe.com

mgyoe.com


နှစ်ယောက် မီးပုံးလေးထဲ မီးခွက်ထည့်ပြီး တခြားဓာတ်ရှင်သွားတွေနောက်က သုတ်သုတ်သုတ်သုတ်နဲ့ ထွက်လာကြကတည်းကလေက တဟူးဟူးနဲ့။ အမေက 'လေတွေမိုးတွေ ကျပါလို့ ကဆုန်လပြည့်ကျော်' ဆိုတဲ့ အတိုင်းပါလားဟေ့... 'ဒီတစ်ညတော့ လင်းပေးပါ မိုးနတ်မင်းကြီးရယ်' တဲ့။ မာသီကတော့ လေတွေက တဟူးဟူး၊ မီးခွက်လေးတွေ ဓာတ်မီးနှစ်ခဲထိုးလေးတွေ မှိတ်တုတ်နဲ့ လူတွေသွားနေကြတာကို ကြည့်ပြီး ဘာရယ်ဟုတ်ဘူး ပျော်လာပြီး 'မိုးတွေလေတွေ ကျပါလို့... ကဆုန်လပြည့်ကျော်၊ ဘိုကေလေးတွေ ထပါလို့ ခုံဖိနပ်နဲ့ဆော်' လို့... အော်ဆိုပစ်လိုက်မိတယ်။ ကျောင်းမှာ ကလေးချင်းအော်ချင်တာ အော်ကြတဲ့ဆီက မာသီ ဆိုတတ်လာတာလေ။

"လမ်းမကြီးမှာ ဘာလို့အော်နေတာလဲသမီး၊ ငြိမ်ငြိမ်နေမှပေါ့" လို့ အမေက မာသီကို မာန်တယ်။ သုံးတန်းသာ ရောက်သေးပေမယ့် ကျောင်းနေနောက်ကျလို့ အရပ်ကြီး မိုးထိုးစပြုနေတဲ့ သူ့သမီးကို ဣန္ဒြေရရနေဖို့ အမေဆုံးမစပြုပြီလေ။

ဒါပေမဲ့ မာသီကတော့ စိတ်မထင်ရင် မထင်သလို အမေ့နို့တောင် ခုထိစို့အိပ်တတ်တဲ့ ပီဘိကလေးလေးပါပဲ။

နွားမခြံရုံကို ရောက်တော့ လူကခပ်ကျဲကျဲပဲရှိတယ်၊ မိုးလေကြောက်ပြီး မလာကြတာနေမှာ။ နို့မို့ဆို ရုံပြည့်ပါတယ်။ လူကြီးတစ်ကျပ်ခွဲ။ ကလေးတစ်ကျပ်ဆိုတော့ ကြည့်ပျော်တာပဲဥစ္စာ။ အမေနဲ့ မာသီက ထုံးစံအတိုင်း ဓာတ်ရှင်မပြခင် ရေနံဆီ မီးခွက်အကြီးကြီးနဲ့ ဒေါ်သေးသေး အမဲဝမ်းတွင်းသားချက် ဆိုင်ကလေးမှာ ဝင်ထိုင်ကြတယ်။ မာသီကြိုက်တဲ့ အမဲဝမ်းတွင်းသားချက်က ချင်းနံ့၊ စပါးလင်နံ့ တသင်းသင်းနဲ့ စားချင်စရာ။

အမေက။ "မသေး... တစ်ပွဲ"တဲ့။ အမေ မသောက်ဘူးပေါ့လေ။ အမြဲလိုပဲ။ ဓာတ်ရှင်မပြခင် ဒီမှာ ထိုင်ကြပေမယ့် အမေက တစ်ခါတလေမှ သောက်တာ။ မာသီပဲ အမြဲ။

တစ်ပန်းကန် ငါးမူး။ ပန်းကန်သေးသေးလေးထဲမှာ ဝမ်းတွင်းသားဖတ် လေးငါးဖတ်နဲ့ အရည်ကျဲကျဲ။ ခဏလေးနဲ့ ပြိုက်ဆို ကုန်သွားရော။ နောက်ထပ်တော့ သောက်နိုင်သေးတာပေါ့။ ဒါပေမဲ့... အမေ့ကို သနားပါတယ်။ အမေ့ခမျာ ဓာတ်ရှင်ဖိုး ညတိုင်းကုန်ရတာနဲ့ မာသီအစားသရမ်းတာ

mgyoe.com

mgyoe.com


နဲ့ ဈေးဗန်းပြုတ်ရချေရဲ့။

မာသီ အပျော်ဆုံးကတော့ ရုံထဲရောက်လို့ ခတ်ရှင်ပြတော့မယ့် အချိန်ပဲ။ အမှေ့ချိုင်းကြားညှပ်လာတဲ့ ဂုန်နီအိတ်စုတ်လေး မြေကြီးပေါ် ခင်းပြီး သားအမိနှစ်ယောက် ထိုင်ကြရင်းက ပြစကဲ်သံ တဝုန်းဝုန်း မြည်လာ မှာကို ရင်တခုန်ခုန်နဲ့ စောင့်ရတယ်...

ပြစကဲ်သံ တဝုန်းဝုန်းသံ မြည်လာပြီး နောက်ကို ချာခနဲလှည့်ကြည့် လိုက်လို့ ပြစကဲ်တဲခေါင်မိုးမှာ မီးအဝိုင်းကလေး လင်းနေတာ မြင်ရရင် သူများတွေနဲ့အတူ 'ဟေး' ခနဲ မာသီလည်း အော်လိုက်မိတာပဲ။ အမေလည်း အော်သာမအော်တာ မျက်နှာကတော့ ဘာလို့မှန်းမသိ၊ ပြုံးသွားတာပဲ။ အို... အဲဒီအချိန်ကတော့ ရုံထဲမှာရှိတဲ့လူတွေ အားလုံးပါပဲလေ။ မြက်ခင်း ပေါ် အုတ်နီခဲကျိုးတွေ ခုထိုင်၊ ဝိုင်းဖွဲ့ပြီး ခိုင်းနွားပေါက်လေး သေသွားလို့ စိတ်ညစ်ရတဲ့အကြောင်း၊ မိုးတွင်း ပြောင်းပင်လေးတွေ လေလှဲမှာ စိုးတဲ့ အကြောင်း၊ လူတွေမပြေလည်ကြလို့ ဒီနှစ် ရွာဘုရားပွဲ လုပ်နိုင်မယ် မထင် တဲ့အကြောင်းတွေကို ပြောပြီး ငိုင်တိငိုင်တိုင်ဖြစ်နေတဲ့ လူတွေလည်း ပါးစပ် တွေပိတ်ပြီး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတာပဲ။ စောစောက စိတ်ပျက်နေတဲ့ အမူအရာတွေ မျက်နှာပေါ်က ပျောက်သွားတာပဲ။

ပြလို့မှ တစ်ပိုင်းမပြီးသေးဘူး လေက တော်တော်ထန်လာတယ်။ မိုးတော့ မပါသေးဘူး။ အို... ရယ်စရာကောင်းလိုက်တာ။ ညွန့်ဝင်းရဲ့ မျက်နှာကြီးက ရှည်သွားလိုက်၊ တစ်ကိုယ်လုံး တွန့်သွားလိုက်။ ဆွေဇင်ထိုက် ကလည်း အားကျမခံ တတွန့်တွန့်နဲ့။ ပိတ်ကားကြီးက ဘယ်လိုမှ အငြိမ် မနေတော့ဘူး။ မာသီတို့ ကလေးတွေက ရယ်ကြတယ်။ လူကြီးတွေက ဆဲကြတယ်။ ညွန့်ဝင်းတို့ ဆွေဇင်ထိုက်တို့ကတော့ တွန့်မြဲပဲ။ အဲလိုနေတုန်း မိုးပါ ရွာချလာရော။ လေက နည်းနည်းငြိမ်သွားပြီ။ ပရိသတ်ကတော့ ဘယ်သူမှမထဘူး။ ခမောက်တွေ၊ ပုဆိုးတွေ ဂုန်နီအိတ်စုတ်တွေ၊ ဖျာစုတ် တွေဆောင်းပြီး ဆက်ကြည့်ကြတယ်။

ဘယ်... အဲဒီညက ဖွဲကောင်းပေမယ့် အလကား။ နှစ်ပိုင်းလားပြပြီး လေရောမိုးရော ထန်လာတာနဲ့ အိမ်ပြန်ပြေးခဲ့ရတယ်။ သားမိနှစ်ယောက် အလဲလဲ အကွဲကွဲ။ မိုးမိပြီး မာသီဖျားတာနဲ့ နောက်နေ့အမေ ဈေးမရောင်းရဘူး။

mgyoe.com

mgyoe.com

ဒါပေမဲ့ အမေကတော့ စိတ်မပျက်ပါဘူး။ မညည်းညူပါဘူး။ နွား မခြံရုံပျက်ပြီး နောက်တစ်ပတ်လောက်နေ ရွာနဲ့တစ်ဖက်ကမ်းမှာ ဇာတ်နှစ်ည ခံတော့လည်းရောက်အောင်သွားတာပဲ။ မာသီလည်း ဖျားတာရော အိပ်ရေးပျက်လို့ မသွားတာရောဆုံပြီး ကျောင်းတွေပျက်လိုက်တာ မပြောနဲ့တော့။ အမေကတော့ ညမှာ ဘယ်လောက်အိပ်ရေးပျက်ပျက်၊ မနက်ကျ မြို့ဈေးကို ဈေးဝယ်ရအောင် သွားရှာတာပဲ။ မာသီစားဖို့ ပြင်ဆင်ထားခဲ့ပြီး သွားရှာရော။ မာသီကတော့ အမေဈေးပြန်လာတဲ့ နေ့လယ်လောက်မှနိုး၊ စားသောက်ပြီး အမေ့ ဈေးရောင်းရာနောက်ကို လိုက်သွားတော့တာပဲ။ အဲဒီနေ့ ကျောင်းမတက်တော့ဘူး။

ပွဲကြည့်လိုက်၊ ကျောင်းတက်တစ်ချက် မတက်တစ်ချက် လုပ်လို့ အမေနဲ့ ဈေးရောင်းလိုက်၊ လိုက်နဲ့ဟာ သုံးတန်းကို နှစ်နှစ်ကြီးများတောင် ဖြေယူရတယ်။ အသက်ကလည်း ဆယ့်သုံးနှစ်ရှိနေပြီ။ လေးတန်းဟာ အရေးကြီးတယ်ဆိုလို့ အင်တိုက်အားတိုက် ကြိုးစားမလို့လုပ်တုန်း၊ လိမ္မာမလို့လုပ်တုန်း ဗြုန်းဆို အမေက သူ့ဈေးလိုက်နေကျ မြင်းလှည်းမောင်းတဲ့ ဦးလေး ကိုထွန်းတင်ကြီးနဲ့ ယူလိုက်တော့ ဘယ်မှာလေးတန်း တက်ဖြစ်တော့လို့လဲ။

* * *

"အားကိုးရာ မဲ့လို့ပေါ့ မကြည်မွေးရယ်၊ ကိုယ့်သမီးတွက် ဘယ်သူက ပထွေးရှာပေးချင်ပါ့မလဲ၊ ဝေ... ငါကတော့ ငါ့ဒီလို ဖြစ်ရပေမယ့် ငါ့အမေကို အပြစ်မတင်ဘူးကွဲ့"

မီးလုံးမှုန်မှုန်အောက်က အိပ်ဆောင် ထောင့်ထဲမှာ စကားဝိုင်းဖွဲ့နေတဲ့ဆီက မဖြူဥရဲ့ အသံဝဲဝဲက မာသီ့နားထဲ ဝင်လာတယ်။ ထမင်းစားသောက်ပြီးလို့ မှောင်စပျိုးတာနဲ့ အိပ်ဆောင်ပေါ် ရောက်ကြရတဲ့ မာသီတို့တွေရဲ့ ညစဉ်ညတိုင်း အလုပ်ဟာ စကားဝိုင်းဖွဲ့ကြရတဲ့ အလုပ်ပေါ့။

မိန်းကလေးတွေဆိုတော့ ဒီကိစ္စမှာ ဝါသနာလည်းပါပြီးသားပဲ။ ဒီလိုမှ မဟုတ်ရင်လည်း တခြားဘာအလုပ်မှ မရှိတာ။ သီချင်းလေးဘာလေး နားထောင်ဖို့ကလည်း ဘယ်မှာလဲ ရေဒီယိုတို့၊ ကက်ဆက်တို့က။ ဆို

mgyoe.com

mgyoe.com


တတ်တဲ့လူ တိုးတိုး ဆိုပြမှပဲ သီချင်းဆိုတာ နားထောင်ရတာ၊ သိပ်အကျယ်ကြီးလည်းဆိုလို့ မဖြစ်ဘူးလေ၊ အိပ်ဆောင် အပေါ်ထပ်ထောင့်ခန်းက အဆောင်မှူး ဆရာမအခန်း။ ဆူဆူညံညံလုပ်လို့ ကြားသွားရင် လာဆူမယ်၊ သီချင်းဆိုတဲ့လူ သိသွားရင် အမှတ်လျှော့မယ်၊ အမှတ်လျှော့ရင် တိုးတက်မှုမှတ်တမ်းမှာ အပြစ်တွေကို မင်နီနဲ့ ရေးခံရတယ်။ အို... အဓိက ကတော့ အဲဒီမှာနေဖို့ ရက်ပိုများသွားမှာပေါ့။

ဒီတော့ တစ်နေ့တာရဲ့ အချိန်အား တော်တော်များများရတဲ့ ဒီအချိန်လေးမှာ တစ်ယောက်နဲ့တစ်ယောက် ပြောစရာရှိတာ ပြောကြမယ်။ ညည်းညူစရာရှိတာ ညည်းကြမယ်။ ရန်ဖြစ်စရာရှိလည်း ဖြစ်ကြမယ်ပေါ့။ ဒါပေမဲ့ အသံတိုးတိုးနဲ့ပဲ ရန်ဖြစ်ပြီး မျက်နှာအမူအရာနဲ့ပဲ ဒေါသကို ပြရတယ်။ ဒီထက်ပိုပြီး ဒေါသဖြစ်လာပြီဆိုရင်တော့ အသံမထွက်ဘဲ နပန်းလုံးသတ်နည်းနဲ့ ချကြရတာပဲ။

အသံမထွက်ဘဲ နပန်းလုံးနည်းကလည်း လွယ်တော့ မလွယ်ဘူး။ ဒါပေမဲ့ ဆရာမသိမှာ ကြောက်တဲ့စိတ်က အလိုလို သင်သွားတာပဲ။ မာသီတို့လို ဒေါသကြီးသူတိုင်း၊ လက်ပါတတ်တဲ့သူတိုင်း တတ်ကျွမ်းထားရမယ့် ပညာတစ်ရပ်ပဲ။

ရန်ဖြစ်ပြီ ဆိုကတည်းက နှစ်ယောက်သား ဒေါသတကြီးနဲ့ တိုးတိုး တိုးတိုးလုပ်ပြီး လက်ဟန်ခြေဟန်၊ မျက်နှာရိပ် မျက်နှာကဲတွေနဲ့ ချရာကနေ လုံးသတ်ချင်လာပြီဆိုရင် တစ်ဖက်လူကိုအားရပါးရ ကျုံးဖက်ပြီး ကြမ်းပြင်ပေါ် တွန်းလှဲလိုက်။

အသံမပြည်အောင်လှဲတတ်ရမယ်။ တစ်ဖက်လူကလည်း ကိုယ့်ကို ဆွဲလှဲလိုက်လို့ အော်ချင်တာကို ကျိတ်ပြီး ပြန်ပြီး ဆံပင်ဆွဲပြန်လုံးသတ်ပေါ့။ ကြမ်းပြင်ပေါ် တစ်နေရာတည်းမှာ အပေါ်ရောက်တဲ့သူက ရောက်သွားလိုက်။ အောက်ကျတဲ့လူက ကျပေါ့ စိတ်ချ။ အသံတော့ မပြည်စေရဘူး။

ဘေးနားက ဖျင်တဲ့လူတွေကလည်း "ဟဲ့ လုပ်ကြပါဦး... သတ်ကုန်ပြီ" တို့ "တော်ကြပါဟဲ့" တို့တွေကို မိန်းမပီပီ မအော်ရဲဘူး။ အသံမထွက်ဘဲ မျက်နှာအမူအရာနဲ့ ငေါက်ငမ်းပြီး ဝင်ဆွဲဖျင်ကြရတာ။ အိပ်ဆောင်ပေါ် သတ်လို့ကတော့ စိတ်ချထား၊ ဘယ်တော့မှ ဆရာမ မသိစေရဘူး။

mgyoe.com

mgyoe.com


ဟိုတစ်နေ့ကတော့ စိုက်ခင်းထဲ လုံးသတ်မိလို့ မာသီနဲ့ အေးသိန်း ဒဏ်ပေးခံရတာ၊ အဲဒါကလည်း အလကား၊ မိအေးသိန်းကုန်းချောလို့ဖြစ်တာ၊ စိုက်ခင်းထဲက တစ်ပင်တည်းသော နေကြာပင်က အစေ့တွေရင့်နေတာကို မာသီ နေ့တိုင်းနည်းနည်းချင်းခွေစားနေတာကို ဒီကောင်မမြင်ပြီး ဆရာမ သွားတိုင်မယ်ဆိုပြီး ပြေးတာ။ စိတ်တိုတိုနဲ့ မာသီက နောက်ကဆံပင်လိုက် ဆွဲရာကနေ သတ်ကြတာပဲ။ အဲဒီနေ့က မာသီတို့နှစ်ယောက် မြောင်းဖော် ရတယ်၊ အိမ်သာဆေးရတယ်။ တော်သေးတာပေါ့ ဟင်းမဖြတ်တာ။ မာသီ အပြစ်ကျူးလွန်မိလို့ ရိုက်စမ်း အလျှိုးထင်အောင်၊ မာသီမကြောက်ဘူး၊ တခြားအလုပ်တွေ လုပ်ရလည်း မာသီမဖြုံဘူး။ မာသီကြောက်တဲ့ ဖြုံတဲ့ ဒဏ်က ဟင်းဖြတ်တဲ့ဒဏ်ပဲ၊ ဆရာမက နောက်တစ်ခါဖြစ်ရင် ဟင်းသုံးနပ် ဖြတ်မယ်တဲ့၊ အဲဒီတည်းက ကိုယ်က ခဏခဏ စိတ်တိုတတ်ပေမယ့် မာသီ ထိန်းပါတယ်။

"အို... နင်ကလည်း၊ အားကိုးစရာ ရှာပါတယ်ဆိုမှ အရာရာအတွက် ပေါ့ဟ။ အစား၊ အဝတ်၊ အနေ၊ အထိုင်... ဘာတွေ၊ ညာတွေပေါ့ ငါလည်း ရှင်းမပြတတ်။ အဲ... အဲ နင်ဆေးရုံစောင့်ရတိုင်း ချိန်းချိန်းတွေ့တဲ့ ကောင်လေး ကိုကော နင်အားကိုးရာ... ရှာတာမဟုတ်ဘူးလား"

အင်း... ဒီတစ်ခါ ဝိုင်းမှာတော့ ကချင်မလေး မဖြူဥက ခေါင်းဆောင် နဲ့တူရဲ့။ သူက မကြည်မွေးကို ရှင်းပြနေတယ်၊ မကြည်မွေးက ရှက်တဲ့ မျက်နှာနဲ့ "ဟုတ်လား... မသိဘူး"

မဖြူဥနဲ့မကြည်မွေးက ဒီထဲမှာ အပြုအစုကောင်းတယ်။ နှစ်ယောက် လုံးကလည်း လိမ္မာပြီး အလုပ်ကြိုးစားတယ်လို့ ဆရာမတွေက အသိအမှတ် ပြုထားတဲ့ သူတွေဆိုတော့... ဟိုဘက်သက်ယယ်အဆင့်က မိန်းကလေး အငယ်လေးတွေ နေထိုင်မကောင်းလို့ ဆေးရုံတက်တာပဲဖြစ်ဖြစ်၊ မာသီတို့ ထဲက တစ်ယောက်ယောက် ဆေးရုံတက်တာပဲဖြစ်ဖြစ် သူတို့နှစ်ယောက် ဆေးရုံလိုက်စောင့်ရတယ်။ သူတို့နှစ်ယောက်က ထွက်မပြေးဖို့လည်း သေချာတဲ့ လူတွေလေ။

မဖြူဥက 'အသက်မပြည့် အပြစ်ကျ' နဲ့ ရောက်လာတာ။ ခုလာမယ့် သကြ်န်ဆို သူနှစ်စေ့တော့မယ်လေ၊ လွတ်တော့မှာဆိုတော့ သူက မပြေးဖို့

mgyoe.com

mgyoe.com


သေချာတာပေါ့။ သူကျတဲ့အပြစ်က ငါးနှစ်။

မဖြူဥတို့က ကချင်ပြည်နယ်ဘက်က၊ သူ့အဖေကားမောင်းတဲ့ အလုပ်လေးနဲ့ သားအမိသားအဖသုံးယောက် အေးချမ်းလို့။ သူ့အဖေကား မောင်းတာက သစ်လုံးတင်တဲ့ကား။ ဖြစ်ချင်တော့ တောထဲမှာ သစ်လုံးသွား တင်တုန်း သစ်ပင်လဲကျတာနဲ့ကြုံပြီး သစ်ပင်ပိပြီး အဖေကဆုံးရှာရော၊ မဖြူဥတို့အမေ ကလည်း အားကိုးရာမဲ့တော့ နောက်ယောကျ်ားယူတယ်။ ဒါပေမဲ့ ယူမိတဲ့ယောကျ်ားက မဖြူဥတို့အဖေလို မဟုတ်ဘူး၊ အလုပ်ကို ဟုတ်တိပတ်တိ မလုပ်ချင်ဘူး။ ဒါ့အပြင် သူကဘိန်းစား။

ဘိန်းစားဆိုတော့ နောက်ဆုံး သူလုပ်တဲ့အလုပ်ဟာ ဘိန်းရောင်းတဲ့ အလုပ်ပဲပေါ့။ မဖြူဥမှာ အမေ့ကို သနားတော့ နောက်ဆုံးမှာ မြစ်ကြီးနား ရထားလိုင်းနဲ့ ဘိန်းသယ်ရတဲ့အထိ လုပ်ရတယ်။ ကျောင်းလည်း မနေရတော့ ဘူး။ ဒါလုပ်မှ ထမင်းစားရမှာ၊ ပထွေးကကြည်မှာ၊ အမေစိတ်ချမ်းသာမှာ ဆိုတော့ မဖြူဥလည်း လုပ်ရတော့တာပေါ့။

ဒီလိုနဲ့ ဘိန်းရောင်းတာကို သတင်းအရနဲ့ လာဖမ်းတော့ အချိန်မီ သိတဲ့ ပထွေးက ထွက်ပြေးတယ်လေ၊ မဖြူဥတို့ သားမိနှစ်ယောက်တည်း။ အမေကတော့ သူအဖမ်းခံမယ်ပေါ့။ သူယောကျ်ားက အပြင်က ကြံဖန်နိုင် တယ်ပေါ့။ ဒါပေမဲ့ မဖြူဥက သူပဲအဖမ်းခံတယ်။ သူက ကလေး...၊ ဆယ့် ခြောက်နှစ်တောင် မပြည့်သေးဘူးဆိုတော့ ညာမှာပါပေါ့။ နောက်ပြီး အသက်ကြီးတောင့်ကြီးမားကျခါမှ သူ့အမေကို ထောင်ထဲမနေစေချင်ဘူး။

မဖြူဥ ထင်သလိုပဲ 'အသက်မပြည့်၊ အပြစ်ကျ' အဖြစ်ပြစ်ဒဏ် ငါး နှစ်နဲ့ အမျိုးသမီးရိပ်သာကို ပို့လိုက်တယ်။

မကြည်မွှေးကျတော့ 'ဆင်းရဲချို့တဲ့' တဲ့ အမျိုးအစားလေ၊ သူကမြင်း ခြံဘက်က ရွာလေးတစ်ရွာက၊ အမေမရှိဘူး။ အဖေက မျက်မမြင်အနှိပ် သည်ကြီး၊ အစ်မအကြီးဆုံးကလည်း မွေးကတည်းက မျက်စိမမြင်ရှာတဲ့ သူပဲ။ သူကလည်း အနှိပ်သည်လုပ်တယ်။ ဒါပေမဲ့ မကြည်မွှေးတို့က မောင်နှမတွေက များတော့... ဆင်းရဲတယ်။ ကြာတော့ ဆင်းရဲဒဏ်ကို အလတ်သမီးဖြစ်တဲ့ မကြည်မွှေးက မခံနိုင်တော့ အစ်ကိုဝမ်းကွဲတစ်ယောက် ဘုန်းကြီးလုပ်နေတဲ့ မန္တလေးဘုရားကြီးကျောင်းတိုက်ကို လိုက်ပြေးခဲ့တယ်။

mgyoe.com

mgyoe.com

သဘော်ာကြဲ ခိုးစီးပြီးတော့ပေါ့။

မန္တလေးရောက်တော့ ဘယ်... သူသွားတတ်ပါ့မလဲ။ သူ့အစ်ကို ဦးဇင်းရဲ့ ဘွဲ့နာမည်လည်းမသိ၊ ကျောင်းတိုက်နာမည်လည်း မသိ။ တလည်လည်နဲ့ လျှောက်သွားနေတုန်း ရပ်ကွက်တစ်ခုက လူကြီးတွေက ဒီကို လိုက်ပို့လိုက်ကြတာ။

ခုတော့ မကြည်မွှေးက ဆေးရုံလိုက်စောင့်ရင်း ချစ်သူတွေဘာတွေ တွေ့နေပြီ၊ ဘယ်သူများ ဆေးရုံတက်ပါ့မလဲလို့ သူတွေးတတ်နေပြီ။ အား ကိုးစရာ မျှော်လင့်ချက်လေးနဲ့ဆိုတော့ မကြည်မွှေးက ဒီထဲက မြန်မြန်ထွက် ရအောင် လိမ်လိမ်မာမာနေပြီး အလုပ်ကို ကြိုးစားတယ်။ သူရောက်တာလည်း သုံးနှစ်ကျော်တော့မယ်။ မကြာခင် သူထွက်ရတော့မှာတဲ့။

အင်း၊ မာသီတို့ကျတော့လည်း ဘာကိုမှ မမျှော်လင့်ရဲတဲ့ဘဝ၊ ဒီလိုမျှော်လင့်ချက်နဲ့ အသက်ရှင်ရတဲ့ ဘဝမျိုးကို တောင့်တရင်းနဲ့ပဲ ဒီထဲ မှာ အရိုးထုတ်ရတော့မယ် ထင်ပါရဲ့။

အို... ဒါပေမဲ့ ချစ်သူယောကျ်ားဆိုတဲ့ အားကိုးရာဆိုတာကို စိတ်ကူး ယဉ်ချင်တယ် ဆိုရင်ဖြင့် မာသီလောက် ဘယ်သူမှ ယဉ်နိုင်မယ် မထင်ပါ ဘူး။ ဟားဟား... မာသီ့မှာ ယောကျ်ားတွေ အများကြီးရှိခဲ့ဖူးပါတယ်လေ။

ဒါပေမဲ့... အဲဒီလို မရွှေမာသီက အမေယောကျ်ားနှစ်ယောက် ယူတဲ့ ကိစ္စကိုပဲ အပြစ်တင် ဒေါသဖြစ်လို့ မဆုံးဖြစ်ခဲ့တယ်။ ခုကျတော့လည်း မဖြူဥပြောတဲ့ အားကိုးရာဆိုတာနဲ့ ဆက်စပ်ပြီး အမေ့အမောရောဂါကို ရင်တနင့်နင့်နဲ့ တွေးစပြုပြီး မဖြူဥ ပထွေးနဲ့ယှဉ်ပြီး ဦးလေးအရင်းလို သဘောထားတတ်တဲ့ ပထွေး ကိုထွန်းတင် အကြောင်းကိုလည်း မတွေးစဖူး တွေးမိပြီ။

* * *

"အမေ့ကို သတ်နေတာလား အေးမာသီရယ်၊ အမေစိတ်မချမ်းသာ အောင် မလုပ်ပါနဲ့။ ထ...ထ၊ ဒီမယ် သမီးကြိုက်တဲ့ ဝက်အူချက်လေးနဲ့ ထမင်းလေး စားလိုက်နော်... ဟုတ်လား။ ကိုထွန်းတင်လည်း ပြန်သွားပါပြီ၊ ဒီည ဒီမှာ မအိပ်ပါဘူးတဲ့ အမေ့မှာ..."

mgyoe.com

mgyoe.com

"မပြောနဲ့၊ အဲဒီကောင်ကြီးအကြောင်း"

မာသီလူးလဲထပြီး ကျုံးအော်လိုက်တော့ အမေ့မှာ မျက်နှာငယ်လေးနဲ့ တိတ်သွားရှာတယ်။ အမေ့ကို စူးစိုက်ကြည့်မိတော့ အမေ့အသားတွေက ခြောက်ခြောက်သွေ့သွေ့၊ အမေ့မျက်လုံးတွေက ရီဝေဝေနဲ့။ အမေ ပိန်လှပါလားဆိုတာကို မြင်တယ်။ သမီး... အမေ ကောင်းကောင်း မကျန်းမာဘူး၊ တို့သားအမိနှစ်ယောက်အတွက် အားကိုးစရာလိုတယ်။ ခုတစ်လော ဈေးကြွေးတွေကလည်း သိပ်ကျတာပဲ။ ကိုထွန်းတင်ဟာ... ညည်းကိုလည်း ကိုယ့်တူမလေးလိုပါပဲ" ဆိုတဲ့ မာသီ နားပိတ်ပစ်တဲ့ စကားတွေကို ကြားမိပြန်တယ်။

အို... ဒါပေမဲ့ ဘာဆိုင်လဲ၊ နေမကောင်းရင် ဆေးကုရမှာပေါ့။ ဆေးကုဖို့လည်း ကြွေးတွေရအောင် တောင်းမှာပေါ့။ ဒီလူကြီးကို ဘာမှ အားကိုးနေစရာ မလိုပါဘူး။

မာသီကတော့ ညမှာ အမေနဲ့ခွဲအိပ်ရတာတစ်ခုနဲ့ကိုပဲ အမေလေချို သွေးသမျှကိုတွေ ပယ်ချလို့မဆုံး။ ငိုလို့ မဆုံးပါဘူး။ ငယ်တုန်းက အမေနဲ့ တစ်ခါတလေ ဈေးလိုက်ရင် မြင်းလှည်းပေါ်မှာ အကျွမ်းတဝင် ရှိခဲ့ဖူးတဲ့၊ ကိုယ်ကလည်း ခင်မင်ခဲ့ဖူးတဲ့ ဦးလေး ကိုထွန်းတင်ကိုလည်း ရန်သူလို သဘောထားပြီး အမျိုးမျိုးအရွဲ့တိုက် ဆူဆောင့်လို့ မဆုံးဘူး။

မာသီ မကျေနပ်ဆုံးက အမေဈေးမရောင်းတော့တာ။ အမေဈေးရောင်းတော့ ညည... အမေတအား ချောင်းဆိုးပြီး မောနေတာတွေ။ ခုဈေးမရောင်းတော့ဘဲ အိမ်မှာ နားနေရလို့ အမေ ဝဝဖြိုးဖြိုးဖြစ်ပြီး ညညချောင်းမဆိုးတော့တာတွေကို မာသီမမြင်ဘူး၊ မသိဘူး။

မာသီမြင်တာ၊ သိတာက အမေ့ဈေးဗန်းထဲမှ မုန့်တွေကို မာသီကြိုက်သလို နှိုက်မစားရတော့ဘူး။ အမေ့ကိုဈေးမရောင်းခိုင်းတာဟာ ဟိုလူကြီးကြောင့်ဆိုပြီး အမေတို့နှစ်ယောက် မာသီရန်လုပ်လို့ မဆုံးဘူး။ အမေတို့ကို တန်ပြန်တဲ့အနေနဲ့ မာသီ လေးတန်းမတက်တော့ဘူး။ ရွာထဲက ကျောင်းမနေတဲ့ မိန်းကလေးအဖော်တွေ အလုပ်အားတဲ့အချိန်စောင့်ပြီး သူတို့နဲ့ သွားနေလိုက်၊ ကိုယ့်ထက်ငယ်တဲ့ ကလေးတွေနဲ့ လျှောက်ဆော့နေလိုက်နဲ့ အချိန်ဖြုန်းပစ်တယ်။ မာသီ ကျောင်းမတက်တော့ အမေ့မှာ မျက်ရည်နဲ့

mgyoe.com

mgyoe.com

မျက်ခွက်၊ ဦးလေး ကိုထွန်းတင်ခများလည်း မာသီဆဲသမျှ ဆိုသမျှတွေကို သည်းခံရင်း "ဦးလေး တောင်းပန်ပါရစေ ငါ့တူမရယ်၊ ညည်းအမေ စိတ်ချမ်းသာအောင် ကျောင်းတော့ လိုက်ပါအေ...။ လာပါ ဦးလေး မြင်းလှည်းနဲ့ကို လိုက်ပို့ပေးမယ်၊ လာပါ' နဲ့ဟာ တတွတ်တွတ် ချော့မော့ဖျောင်းဖျတယ်။

မရ... မရ။ မရွှေမာသီတို့က မရရေးချမရ။

အဲလိုနဲ့ မာသီ ဂျစ်တိုက်လိုက်တာ အမေဈေးပြန်ရောင်းရတဲ့ထိပဲ။ အမေ ဈေးပြန်ရောင်းရတာဟာလည်း သူများတွေကပြောတယ်။ မာသီကြောင့်၊ မာသီဆိုးလွန်းလို့၊ ကိုထွန်းတင်ကို စော်ကားလွန်းလို့၊ ကိုထွန်းတင်အမျိုးတွေက အမြင်ကတ်ပြီး မြင်းလှည်းသိမ်းသွားလို့တဲ့။

ဒီလိုလေ။ ကိုထွန်းတင်က မိန်းမရော ကလေးပါဆုံးပါးရတဲ့ မုဆိုးဖိုမို့ သနားပြီး ညီအစ်ကို မောင်နှမတွေက မြင်းလှည်း ထောင်ပေးထားကြတာ။ မာသီ့အမေနဲ့ ယူတော့လည်း အစတော့ ဘာမှ မပြောကြပါဘူး။ အင်းပေါ့လေ... သူများတွေ အဆိုအရ ဆိုရင်တော့ မာသီကြောင့်ပေါ့။

မာသီကတော့ မယုံပါဘူး။ အမေ့ကို မြင်းလှည်းမပိုင်ဘဲ ညာယူတဲ့လူကြီးလို့တောင် စွပ်စွဲလိုက်ချင်သေးတယ်။ ပိုပြီးတော့လည်း မုန်းတီးလာတယ်။ အဲဒီလူကြီးအလုပ်တွေ တွေ့ရာလျှောက်လုပ်တာတွေရော၊ အမေနဲ့အတူတူ ယောကျ်ားတန်မယ့် ဈေးဗန်းတစ်ဗန်းရွက်ပြီး လိုက်ရောင်းတာတွေ ရောကို မာသီ ဘယ်လိုမှ အကောင်းမထင်နိုင်ဘူး။

အမေနဲ့အတူ အရိပ်လို လိုက်ပါခွင့်မရတာ၊ အမေ့ရင်ခွင်ထဲမှာ မအိပ်ရ၊ ပွဲကြည့်တော့လည်း သားအမိနှစ်ယောက်မဟုတ်ဘဲ အဲဒီလူကြီး ပါလာတာတွေဟာ မာသီ့အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတွေ၊ ဝမ်းနည်းမှုတွေပါပဲ။

ရေကြီးချိန် ဈေးလိုက်ရောင်းတော့လည်း အဲဒီလူကြီးပဲ အမေ့လှေပဲ့မှာ ထိုင်လိုက်တယ်။ အမေက မာသီထိုင်နေကျ နေရာမှာ ထိုင်လို့။ မာသီ့ကို အမေက မခေါ်ဘူး။ မာသီကလည်း ဝေးပါသေး၊ မလိုက်ပါဘူး။

ဒီလူကြီးနဲ့ယူပြီးမှ မာသီတို့သားအမိနှစ်ယောက် ခပ်စိမ်းစိမ်း ဖြစ်သွားလိုက်ကြတာ၊ အမေအိပ်ရာထဲ လဲတော့မှပဲ သားမိနှစ်ယောက် ပြန်ပြီးနီးကပ်ကြရတော့တယ်။ မာသီကတော့ သူများတွေပြောသလို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပြီး လဲတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် အမေအိပ်ရာထဲ လဲတာ

mgyoe.com

mgyoe.com


ကိုပဲ ဝမ်းသာနေမိတယ်။

မာသီတို့ သားအမိနှစ်ယောက် တူတူနေခွင့်၊ အတူတူအိပ်ခွင့် ပြန်ရပြီလေ။ အဲဒီလူကြီး ဈေးရောင်းသွားနေတဲ့ တစ်ချိန်လုံး မာသီ အမေ့နားမှာ နေခွင့်ရတယ်၊ အိပ်ခွင့်ရတယ်။ အမေပြောပြတဲ့ ပွဲအကြောင်း၊ ရှေးစကားတွေအကြောင်းကို နားထောင်ခွင့်ရတယ်။ အို... အသက် ဆယ့်သုံးနှစ်သာရှိပေမယ့် မကြီးရင့်နိုင်သေးတဲ့ မာသီ။ အမေ ပြန်နေမကောင်းတော့ဘဲ ဒီလိုပဲ အိပ်ရာထဲမှာ လဲနေပါစေ လို့တောင်ရူးမိုက်ပြီး ဆုတောင်းမိတယ်။

မာသီ့ ဆုတောင်းအပြည့်လွန်ပြီး ဘယ်တော့မှ ပြန်မထတော့ဘဲ အမေဆုံးပြီ၊ အမေ မာသီ့ကို အပြီးတိုင်ခွဲခွာသွားပြီဆိုတော့မှ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးကို တမ်းတရင်း အရူးတစ်ပိုင်းဖြစ်ရတယ်။ ဆောက်တည်ရာမရတဲ့ အရူးတစ်ယောက်လို ဘာမှစကားမဆိုနိုင်တော့တဲ့ အမေ့ခန္ဓာကိုယ်ကို အတင်းဖက်တွယ်ထားပြီး အော်မေးနေမိတယ်။

"အမေရေ... အမေမရှိရင်၊ ကျွန်မ ဘယ်သူနဲ့ နေရမှာလဲ"

* * *

"မာသီ... မာသီ၊ အံကြိတ်ကြိတ်ပြီး ဘာဖြစ်နေတာလဲ၊ ရော့လေ ဒီမှာ မုန့်မစားဘူးလား"

အို... အစ်မမြအိမ်။ မာသီ အိပ်ရာပေါ်ကနေ ဝုန်းခနဲထလိုက်တယ်။ အရေးထဲ ခြေရင်း သင်ဖြူးအစုတ်ထဲ ခြေထောက်ကငြိနေသေးတယ်။

"ဟာ... ဒီသင်ဖြူးစုတ်ကလည်း...။ ပေး အစ်မမြအိမ်၊ ဒါကြောင့် အစ်မကို ကျွန်မချစ်တာ"

အစ်မမြအိမ်က 'တယ်တတ်' ဆိုပြီး မျက်စောင်းထိုးရာက မာသီ့ သင်ဖြူးစုတ်ကို ဆွဲဖြတ်နေတယ်။

"နင်ကလည်း နေနိုင်တယ်၊ ဒီလို ဆွဲဖြတ်ပစ်မှပေါ့။ ဟိုမှာ ငါ့သင်ဖြူး ဆို... ကြည့်၊ ဒီလိုပဲ ခဏခဏငြိပြီး လဲလွန်းလို့"

အစ်မမြအိမ် သင်ဖြူးက ခြေထောက်ဆန့်လိုက်တောင် မလုံလောက်ပါဘူး။ သူက စုတ်တဲ့နေရာလေးလောက် ဆွဲဖြတ်ထားတာ မဟုတ်ဘဲ၊ သပ်သပ်ရပ်ရပ် လှလှပပ ကြိုက်တဲ့သူဆိုတော့ ကတ်ကြေးနဲ့ တိတိရိရိ ညှိပစ်တာ

mgyoe.com

mgyoe.com


ကိုး။ ညှိထားလိုက် အစတွေထွက်လိုက်၊ ပြန်ညှိလိုက်နဲ့ဟာ ကြာရင်တော့ ကြမ်းပြင်ပေါ် သူ့ဒီတိုင်းပဲ အိပ်ရတော့မှာ မြင်သေးတယ်။

သင်ဖြူးတွေကလည်း စုတ်လွယ်လိုက်တာပဲ ပြောရမလားမသိဘူး။ မာသီတို့လည်း မနက်အိပ်ရာထရင် အိပ်ရာသိမ်းဆည်းပြီး သင်ဖြူးတွေကို လိပ်ထားတာပါပဲ။ အေးပေါ့လေ၊ သူလည်းသံနဲ့လုပ်ထားတဲ့ ဟာမှ မဟုတ်တာ၊ ကြာတော့လည်း စုတ်မှာပြဲမှာပေါ့။ အားလုံး ရောက်လာကတည်းက ပေးထားတဲ့ သင်ဖြူးတွေပဲ၊ ကြာပြီပဲဥစ္စာ။ မာသီတောင် တစ်နှစ်ရှိတော့ မယ့်ဟာပဲ။

မာသီတို့ အခန်းက ဘုရားအခန်းနဲ့ ကပ်လျက်အခန်း။ ဆယ်ယောက် နေရတယ်။ အားလုံးကို သစ်သားဗီရို တစ်ယောက်စာ သေးသေးလေးတွေ တစ်ယောက်တစ်လုံး ပေးထားတယ်။ အဲဒီထဲမှာ အဆောင်နေရင်း ဝတ်ဖို့ ပေးထားတဲ့ အဝတ်အစားနဲ့ ဆပ်ပြာတို့ဘာတို့ တခြား အသုံးအဆောင် ပစ္စည်းလေးတွေ ထည့်သိမ်းကြရတယ်။ အဲဒီဗီရိုတွေမှာ သော့မရှိဘူး၊ သော့မလိုဘူး။ မလိုဆို မာသီတို့မှာ ပိုက်ဆံမှ မကိုင်ရတာပဲ။ အဝတ်အစားလည်း အားလုံးရှိတဲ့ဟာတွေပဲ ဥစ္စာ။ ဒီတော့ ဘယ်သူမှခိုးဖို့ စိတ် မဝင်စားကြတော့ဘူး။ ဒါတောင် တစ်ခါတလေ ဘာမဟုတ်တဲ့ ကလစ်လေး တို့ ပို့စကတ်တို့ ဆပ်ပြာတို့ ပျောက်တတ်ကြသေးတယ်။ အိုး... လူ အမျိုးမျိုးတွေ စုပေါင်းနေကြရတာပဲလေ၊ ဒီလောက်တော့ ရှိမှာပေါ့။ ထမင်း မပူရ၊ ဟင်းမပူရ၊ အဝတ်အစားအတွက် မပူရ နေရတာတောင် ပြဿနာ တွေက အမျိုးမျိုးဖြစ်ကြသေးတယ်။ အားလုံးအတူတူ သာတူညီမျှ ပေးကျွေး ထားတဲ့ကြားကကို ပြဿနာတွေ ရှင်းရလွန်းလို့ ဆရာမတွေခမျာလည်း မာသီတို့အတွက် စိတ်ညစ်ရတာလွန်ရော။

သနပ်ခါးလိမ်းဖို့ ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးတို့၊ သနပ်ခါးခဲတို့တွေ ကိုတော့ အခန်းအပြင်ဘက် ဝရန်တာမှာ စီတန်းပေးထားတယ်။ အဲဒီမှာ လိမ်းကြရတယ်။ မာသီကတော့ စိတ်ပါမှ တစ်လနှစ်ခါလောက်ပဲ သွား လိမ်းဖြစ်တယ်။ ထဘီရင်ရှားကြီးနဲ့ လက်မလည်ဘဲ ဖြစ်နေတဲ့ကျောက်ပျဉ် သုံးခုကို စောင့်မနေချင်ပါဘူး။ မာသီတို့ ဟိုတုန်းက ယောကျ်ားတွေအတွက် လိမ်းခဲ့ရလွန်းလို့ မုန်းတောင်နေပါပြီ။ အို... ဒီလို အပေါစား သနပ်ခါးခဲတွေ

mgyoe.com

mgyoe.com


တောင် မဟုတ်ဘူး။ ရွှေဘိုခေါက်နဲ့ ပေါင်ဒါနဲ့၊ ကရင်ပတ်နဲ့ လိမ်းခဲ့ခြယ်ခဲ့ဖူးပါပြီ။ ဒီမှာလိမ်းခြယ်နေလို့ မိန်းမချင်း ဘယ်သူမှလည်း ပြဖို့မရှိနဲ့ အလကား အကျိုးမရှိ။ ပျင်းစရာကောင်းလွန်းလို့။

အစ်မမြအိမ်ရဲ့ မုန့်ကလည်း သွားကြားမှာတင် ပျောက်တယ်။ ပဲလမုန့်တစ်ဖဲ့ဆိုတာ ဘာရှိတာမှတ်လို့၊ နံကြားတောင် မကပ်ဘူး။

"ဟ... မာသီ အိပ်ပျော်သွားပြီမှတ်လို့၊ လာပါဟ မာသီ၊ ဟောဒီမှာ ဒီကောင်မတွေက နင့်တရားကို နာချင်ကြပြန်ပြီ"

အရှိန်ကောင်းနေတဲ့ မဖြူညတို့ဝိုင်းက မာသီ့ကို လှမ်းခေါ်ကြပြန်ပြီ။ မာသီ့တရားတဲ့။ ဒီနေ့ည... အထူးသဖြင့် အမေ့အကြောင်းတွေ တွေးမိတဲ့ ညမျိုးမှာ အဲဒီအကြောင်းတွေကို မာသီမပြောချင်ဘူး။ လက်ခါပြပြီး အိပ်ရာပေါ် ပြန်လှဲလိုက်တဲ့ မာသီကို ရီဌေးက

"နင်ကလည်းဟယ်၊ လာပါ... ထုံးစံအတိုင်းပေါ့။ နင် နက်ဖြန်အတွက် မုန့်ဖိုးမလိုချင်ဘူးလား။ နက်ဖြန်လည်း မျှစ်ပဲတဲ့နော်"

အဲ... ဒီလိုတော့လည်း ဟုတ်ပေသား။ မာသီမှာ နက်ဖြန် မုန့်ခိုးဝယ်စားဖို့ ပိုက်ဆံမရှိပါလား။ မာသီအိပ်ရာပေါ်က ထလိုက်ရတယ်။ သူတို့နား ရောက်တော့...

"ကဲ... ဘယ်မှာ၊ ချကြလေ"

"ရော့ ဒီမှာ၊ ငါက ဆယ်ပြား"

"ဟော ရော့... ဆယ့်ငါးပြား"

"အင့်၊ ဒီမှာ... ဆယ်ပြား"

"ဟောဒီမှာနော် ငါက တစ်မတ်ကြီးများတောင်၊ နင်များများ ပြောရမယ်"

မာသီက 'အေးပါဟာ' လို့ဆိုပြီး သူတို့ချပေးတဲ့ ပိုက်ဆံပြားခြောက်ဆယ်ကို ကောက်သိမ်းလိုက်တယ်။ ထဘီကြားမှာ ကျကျနနလိမ်ရင်း နက်ဖြန်မုန့်ဖိုးအတွက် စိတ်အေးစပြုတယ်။

"ကဲ... ငါက ဘာပြောရမှာလဲ"

"ဟာ နင်ကလည်း ထုံးစံအတိုင်းပေါ့၊ ဟီးဟီး နင်ယောကျ်ားတွေ အများကြီးနဲ့"

mgyoe.com

mgyoe.com

"အေးပါဟယ်။ ဒါပေမဲ့ ငါဒီညလေ၊ ငါ့ပထွေးအကြောင်းရော ငါ ပြောချင်တယ်"

"သွားစမ်းပါဟာ၊ ပထွေးတွေအကြောင်းတွေ နားထောင်ရလွန်းလို့ ရွံနေပြီ၊ ဟိုအကြောင်းပဲ ပြော"

မာသီခေါင်းညိတ်ရတယ်။ သူတို့က ပိုက်ဆံနဲ့ ခိုင်းတာကို၊ ပိုက်ဆံနဲ့ခိုင်းရင် အလိုကျ ခေါင်းညိတ်ရတယ်ဆိုတဲ့ အသိကို ပျက်ခဲ့ရတဲ့ မာသီ့ ဘဝက သင်ပေးထားတယ်လေ။

ဒီအမျိုးသမီးရိပ်သာမှာ တစ်ဦးတည်းသော 'လေလွင့်ပျက်စီး' အမျိုးအစား 'အေးမာသီ'ရဲ့၊ 'လေလွင့်ပျက်စီး' ဘဝက အပျိုစင်မိန်းကလေးအတွက် စိတ်ဝင်စားစရာ သိပ်ကောင်းနေတယ်။ ရင်တခုန်ခုန် စုတ်တသပ်သပ်နဲ့ နားထောင်လို့လည်း မရိုးနိုင်ကြဘူးတဲ့။ သြော်... မာသီ့မှာတော့ ပိုက်ဆံပြားခြောက်ဆယ်ကို အသာစမ်းသပ်ရင်း မာသီအင်မတန် မုန်းတီးလှတဲ့၊ ခါးသီးလှတဲ့ အတွေ့အကြုံနဲ့ ထမင်းနပ်များစွာအတွက် ရခဲ့ရတဲ့ ယောကျ်ားတွေအကြောင်းကို ဘယ်နှခါမြောက်လဲမသိ၊ ပြောရပြန်ဦးတော့မယ်။

"ငါ့အမေဆုံးပြီးတော့ ဦးလေးကိုထွန်းတင်က အမေ့အမျိုးရှိတယ်ဆိုတဲ့ ကျောက်မြောင်းဘက်က အေးဇရပ်ဆိုတဲ့ရွာကို လိုက်ပို့တယ်။ အဲဒီမှာ...

* * *

"အားမငယ်နဲ့ ငါ့တူမနော်။ ဦးလေး ငါ့တူမမျက်နှာမငယ်အောင်ထားမယ်သိလား။ အေးဇရပ်မှာ ငါ့တူမက အမျိုးတွေနဲ့နေ၊ ဦးလေးက ပိုက်ဆံလာထောက်မယ် သိလား။ တိတ်... တိတ် မျက်ရည်တွေ ကျမနေနဲ့။ မုန့်စားဦးမလား၊ ဦးလေးသွားဝယ်လိုက်မယ်နော်"

ကျောက်မြောင်းသွားရာ လမ်းတစ်လျှောက်လုံးမှာ ဦးလေးကိုထွန်းတင်က တတွတ်တွတ်ချော့မော့ နှစ်သိမ့်လို့မဆုံးဘူး၊ မုန့်တွေကိုလည်း တစ်ခုပြီးတစ်ခု ဝယ်ကျွေးတယ်။ မာသီ့အဝတ်ဖာ တစ်ဖက်၊ သူ လွယ်အိတ်ကြီးနဲ့တစ်ဖက် စိတ်ထိခိုက်နေပုံရတဲ့ ဦးလေး ကိုထွန်းတင်ကို ပထမဆုံးအကြိမ်အဖြစ် မာသီဘာမှ နှုတ်လုံ့ပြန်မထိုးမိဘူး။ ရင်ထဲမှာတော့ အဖုအထုံးလေးက ကြီးမားနေဆဲပဲ။ လောလောဆယ်တော့ မာသီမှာ သူစိစဉ်
mgyoe.com

mgyoe.com


ပေးသမျှပဲပေါ့။ အေးဇရပ်မှာ အမေ့အမျိုးဝမ်းကွဲတွေ ရှိတယ်ဆိုတာ အမေ မသေခင်က ပြောပြဖူးလို့ သိတော့သိရဲ့၊ ဒါပေမဲ့ မာသီအဖေသေတုန်းက လာဖူးတယ်ဆိုတဲ့ အဒေါ်ကို မာသီ ဘယ်လိုလုပ် မှတ်မိတော့မှာလဲ။

အဲဒီအဒေါ်က အမေ့ထက် ကြီးတယ်။ မုဆိုးမပဲ။ ကလေးလည်းမရှိဘူး တဲ့။ ခုလည်း အဲဒီအဒေါ်နဲ့နေဖို့ မာသီ့အတွက် အဆင်ပြေဆုံးပဲဆိုပြီး လိုက် ပို့တာ။ အို… မာသီကတော့ ဘယ်သူနဲ့မှ မနေချင်ပါဘူး၊ အမေနဲ့ပဲ နေ ချင်တယ်။ အမျိုးဆိုပေမယ့် မာသီနဲ့ အနေစိမ်းတဲ့ အဒေါ်ဆိုတာနဲ့ မာသီ ဘယ်လိုနေရပါ့မလဲ။ အေးဇရပ်ကိုရောက်တော့ သူများတွေညွှန်လိုက်တဲ့ မာသီ့အဒေါ်အိမ်ဆိုတာလည်း တွေ့ပါရဲ့၊ ကလေးမရှိ ဘာမရှိနဲ့ ရှိုးတွေ မိုးတွေနဲ့ မိန်းမကြီးတစ်ယောက်ကိုလည်း မာသီတို့ တွေ့ပါရဲ့။ ဒါပေမဲ့ သူက မာသီ့အဒေါ်မဟုတ်ဘူး။ သူက မာသီအဒေါ်အိမ်လေးကို ဝယ်လိုက် တယ်။ မာသီ့အဒေါ်ဆုံးတာ တစ်နှစ်လောက် ရှိပြီတဲ့။

စိတ်ပျက်လက်ပျက်နဲ့ မောသွားကြတဲ့ မာသီနဲ့ ဦးလေးကိုထွန်းတင် ကို သဘောကောင်းပုံရတဲ့ မိန်းမကြီးက ခင်ခင်မင်မင် ဆက်ဆံရှာပါတယ်။ နေရာထိုင်ခင်းတွေ ဘာတွေပေး၊ နားခိုင်း၊ ပြုခိုင်းပြီး အကျိုးအကြောင်းကို မေးတယ်။ ခေါင်းကို စုံဖွပြီး စိတ်ပျက်လက်ပျက်ပြောပြနေတဲ့ ဦးလေးထွန်း တင်ကို ကြည့်ပြီး စုတ်တသပ်သပ်နဲ့။

"သြော်… ဖြစ်မှဖြစ်ရလေရှင်၊ ကလေးမ အဒေါ်နဲ့ ကျွန်မနဲ့က အင်မတန် ခင်တာ၊ ကျွန်မယောကျ်ား မဆုံးခင်တည်းကပါပဲ။ သူ့အဒေါ်နဲ့ ကျွန်မ ယောကျ်ားက ဆုံးတာ ရှေ့ဆင့်နောက်ဆင့်ပေါ့ရှင်။ ကျွန်မယောကျ်ားက အရင်ပေါ့။ ယောကျ်ားဆုံးပြီး ယောက္ခမအိမ်မှာလည်း မနေချင်၊ မိဘရပ်ရွာ လည်း မပြန်ချင်နဲ့ ကလေးမအဒေါ်လည်းဆုံးရော ကျွန်မတစ်ခါတည်း ဝယ်ပြီး လာနေတာ။ သြော်… ကျွန်မဝယ်တာ ကလေးမလေးရဲ့ ဦးကြီးလား ဦးလေးလား မဆိုနိုင်ဘူး။ သူ့ဆီကရှင့်၊ မောင်လို့ပြောတာပဲ"

"ဟုတ်လား၊ သူက ဒီရွာထဲမှာပဲလား ခင်ဗျာ"

ဦးလေး ကိုထွန်းတင်က ဝမ်းသာအားရနဲ့ မာသီမမြင်ဖူးမသိဖူးတဲ့ ဦးလေးဆိုတဲ့သူကို မေးတယ်၊ မိန်းမကြီးက စဉ်းစားရင်း…

"ဒီရက်ပိုင်းတော့ မရှိဘူးထင်တယ်။ အထက်ဘက် လူငှားလိုက်သွား

mgyoe.com

mgyoe.com


သတဲ့။ အင်း… သူက အသောက်တော့ အသောက်သမားရှင့်”

“ဒုက္ခပါပဲဗျာ” လို့ ဦးလေး ကိုထွန်းတင်ကတော့ အားရပါးရ ညည်းလိုက်တော့တာပဲ။

“ဟုတ်တာပေါ့လေ၊ ရှင်ကလည်း ပထွေးဆိုတော့ အတူနေရမှာခက်တခြားလည်း ထားစရာမရှိနဲ့။ ကဲပါလေ… ဒီလိုလုပ်ပါလား၊ ကျွန်မအိမ်ကနေ သူ့ဦးလေးကို သုံးလေးရက်လောက် စောင့်ပေါ့။ သွားတာတော့ ကြာပြီနဲ့တူရဲ့”

သဘောကောင်းတဲ့ မိန်းမကြီးအိမ်မှာ မာသီတို့ညအိပ်ပြီး သုံးရက်စောင့်ကြတယ်။ အိုး… အဒေါ်ကြီးပြုစုတာ အားနာစရာတောင် ကောင်းတယ်။ ထမင်းပွဲရှေ့ရောက် ကျွေးလို့၊ ရယ်စရာ မောစရာလေးတွေပြောပြီးဖြည့်ခံလို့။ တစ်ခုပဲရှိတယ်။ ညဘက်မှာ သူ့တူ ကာလသားတွေ လာလည်တာပေါ့။ အဒေါ်ကြီးက နောက်နေ့ကျ ရယ်ရယ်မောမောနဲ့ “ဟိုခွေးကောင်တွေက… အဒေါ်အိမ် အပျိုရောက်တယ်ဆိုလို့ လာလည်ကြတာလေ၊ ကျောင်းသားကောင်တွေပေါ့”တဲ့။

သူ့စကားကြားမှ ငါအပျိုလားဆိုတာကို အလန့်တကြား ပြန်စဉ်းစားမိတယ်။ ဦးလေးကိုထွန်းတင်က မာသီကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့။ တစ်သက်လုံးက အစားကိုပဲ စိတ်ဝင်စားခဲ့တဲ့ မာသီကတော့ အပျိုဆိုတာဘာလဲဆိုတာကို စဉ်းစားစပြုမိတယ်။

* * *

“အဲဒီအဒေါ်ကြီးနာမည်က ဒေါ်မေတဲ့။ သူက ငါ့ကို သမီးတဲ့။ သူ့ကိုယ်သူကျ အဒေါ်မေကလို့ ပြောတယ်။ သုံးရက်အိပ်ပြီး ငါ့ဦးလေးဆိုတာကလည်း မလာ၊ ဦးလေးကိုထွန်းတင်ကလည်း မြင်းလှည်းပြန်မောင်းဖို့ ပြောထားတဲ့ရက်ကလည်း စေ့ဆိုတော့ ပြန်ချင်တာနဲ့ အကျပ်ရိုက်နေတုန်း အဲဒီအဒေါ်မေက ငါ့ကိုမွေးစားချင်တဲ့အကြောင်း သူ့မှာလည်းသားသမီးမရှိ တစ်ယောက်တည်းဖြစ်တဲ့အပြင် မြင်မြင်ချင်းပဲ ငါ့ကိုသိပ်ချစ်တဲ့အကြောင်း၊ စိတ်ပြေလက်ပျောက် ခဏဖြစ်ဖြစ် ထားခဲ့ဖို့အကြောင်း။ စိတ်ချဖို့အကြောင်းတွေ ပြောတော့တာပဲ။ ဘယ်နှယ့်လုပ်မတုံး၊ ဦးလေးကိုထွန်းတင်

mgyoe.com

mgyoe.com


မှာလည်း အကြံရကျပ်နေပြီလေ။ ငါ့ကိုရှာပြန်ပြီး သူ့အမျိုးတွေဆီလည်း ခေါ်မဖြစ်နဲ့။ အဲဒီအချိန်မှာ မှန်တာပြောတာ ငါက နေချင်နေပြီ။ အေးဇရပ်က... ရွာကလည်းရွာကြီး၊ နေချင်စရာကောင်းတယ်။ နောက်ပြီး... အဒေါ်မေကလည်းငါ့ကို အလိုလိုက်တယ်။ သူ့အိမ်ကလည်း ပစ္စည်းပစ္စယအစုံနဲ့ ရေဒီယိုလည်းရှိတယ်။ သူ့ကြည့်ရတာ ဘာမှလည်း မလုပ်ဘဲနဲ့။ မပူရ မပင်ရ နေနိုင်တာဟာ... သူ့ယောကျ်ား ပစ္စည်းထားခဲ့လို့ပဲလို့ ငါထင်တာပေါ့။ အဲဒီတင်... ငါကနေမယ်ဆိုတော့၊ ဦးလေးကိုထွန်းတင်လည်း အထပ်ထပ်မှာပြီး သူမကြာခင် ပြန်လာဦးမယ်ဆိုပြီး... ငါ့ကို ထားခဲ့တယ်"

"ကဲဟာ၊ မာသီကလည်း... နင့်ပထွေးနဲ့ အဒေါ်မေဆိုတာကြီး အကြောင်းက ပြီးဦးမှာလား"

"အေးလေ၊ ငါတို့နားထောင်ချင်တဲ့အကြောင်းပြောပါဆိုမှ။ ညဉ့်နက်တော့မယ်ဟ၊ တော်ကြာ... ဆရာမလာကြည့်လို့ မအိပ်သေးရင် ဆူခံရဦးမယ်"

"အေးပါဟယ်၊ နင်တို့ကလည်း ငါပြောချင်တာလည်း ပြောပါရစေဦး။ နင်တို့ကြားချင်တာ ငါပြောပါ့မယ်၊ ခဏလေး"

"ဘာတွေလဲ၊ နင် ဟိုတစ်ခါတုန်းကပြောတဲ့ အဲဒီအဒေါ်မေကျွေးတဲ့ အစားအသောက်တွေ အကြောင်းလား။ တော်ပြီအဲဒါဆိုရင်တော့"

"အေးလေ၊ သူ့ကို အဲဒီဒေါ်မေက ရုပ်ရှင်လိုက်ပြတဲ့အကြောင်း၊ ပွဲကြည့်တဲ့အကြောင်း။ အင်္ကျီအဝတ်အစားဝယ်လို ဝယ်ပေးတဲ့အကြောင်း၊ ဘယ်လို စားရသောက်ရကြောင်းတွေ ပြောလိမ့်ဦးမယ်"

"နင်တို့ကလည်းဟယ်၊ ငါဘဝမပျက်ခင် ပျော်ရတာလေးတွေဆိုလို့ အဲဒါတွေပဲဥစ္စာ ငါပြောချင်တာပေါ့။ နင်တို့ပြောသလိုပဲ အဲဒါတွေကြောင့် ငါသိပ်ပျော်လာတယ်။ ဟိုတုန်းက အမေနဲ့ သွားနေရသလိုပဲ။ အဲဒီကြားမှာ ဦးလေးထွန်းတင် တစ်ခေါက်ပြန်လာတယ်။ ငါပျော်နေတာမြင်တော့ သူလည်း စိတ်ချမ်းသာပြီး ပြန်သွားတာပေါ့။ အဲဒီ ငါ့ဦးလေးဆိုတဲ့လူကလည်း အထက်က ပြန်မလာပါဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ သူမရှိလည်း ငါ နေလို့ရနေပြီဥစ္စာ။ ဒါပေမဲ့ အဒေါ်မေနဲ့နေရတာ ပျော်ပေမယ့် ငါတို့ ဓာတ်ရှင်ပွဲတို့ မသွားတဲ့ညတွေကျ သိပ်စိတ်ညစ်ရတာပဲ။ ညညကျရင်

mgyoe.com

mgyoe.com


သူ့တူ ကာလသားတွေက လာကြပြီ။"

"အေး... အေး၊ ဟုတ်ပြီ နီးလာပြီ။ လာတော့ ဘာဖြစ်လဲ"

"ဩော်... ဘာဖြစ်ရမှာလဲဟယ်၊ သူ့တူတွေ ဆိုတော့လည်း ငါ အလိုက်အထိုက် ဆက်ဆံရတာပေါ့။ ဒါပေမဲ့ သူတို့ကို ငါကြောက်တယ်၊ အဲဒီအထဲမှာ..."

* * *

အဲဒီ အထဲမှာ မာသီအကြောက်ဆုံးက ကွမ်းတဝါးဝါးနဲ့ အမြဲအရက်နံ့ သင်းနေတတ်တဲ့ မြမောင်ဆိုတဲ့ လူပဲ။ သူ့မိဘတွေက လယ်တွေ အများကြီးပိုင်တယ်လို့ ပြောတာပဲ။ မာသီကို စူးစူးဝါးဝါးကြည့်ပုံက တစ်မျိုးပဲ။ ပြီးတော့ အဒေါ်မေကိုလည်း သူက 'မကြီးမေ' တဲ့။ အဒေါ်မေကတော့ ငယ်ငယ်ကတည်းက နှုတ်ကျိုးနေလို့ပြောတာပဲ။ နောက်ပြီး အဒေါ်နဲ့တူ အရွယ်ကလည်း သိပ်ကွာလှတာ မဟုတ်ဘဲနဲ့ အဒေါ်မေကို ဖက်လားတွယ်လားနဲ့၊ အဒေါ်မေကလည်း သူ့များကျ အရေးကို ပေးလွန်းတယ်။ 'အမြ... အမြ' နဲ့။ မာသီကတော့ မုန်းပေမယ့်၊ သူ ည... ညလာရင်း ဝယ်ခြမ်းလာတတ်တဲ့ မုန့်တွေ၊ အသုပ်တွေ၊ ကျောက်မြောင်းကပြန်ရင် ဝင်ပေးတတ်တဲ့ လက်ဆောင်ပစ္စည်းတွေ မျက်နှာနဲ့ ခပ်မှန်မှန် ဆက်ဆံရတယ်။ တစ်ခုတော့ တော်သေးလို့ မာသီစိတ်ဖြေရတယ်။ နေ့ နေ့ကျ သူတို့တွေ မလာတတ်တာကိုပေါ့။ လွတ်လွတ်လပ်လပ် နေရသေးတယ်...။

မြမောင်ကတော့ အားတဲ့အချိန် ပေါက်ပေါက်လာတာပါပဲ။ အဒေါ်မေကလည်း မြမောင်ကို မာသီ ခင်ခင်မင်မင် နေစေချင်ဟန်တူပါရဲ့။ အေးလေ သူ့တူဆိုတော့ မာသီနဲ့ သဘောများ မျှနေလားမှမသိ။ ခက်တာက အစားကလွှဲရင် ဘာမှစိတ်မဝင်စားတတ်တဲ့ မာသီ့မှာ မြမောင် အသုပ်တွေ၊ မုန့်တွေ ဝယ်လာတဲ့အချိန်ပဲ သူ့ကို ခေါ်ခေါ်ပြောပြောလုပ်မိတာ။ သူ ကျောပုတ်၊ ခေါင်းကိုင်လုပ်နေတာကို နှုတ်ခမ်းစူရင်း သည်းခံလိုက်တာ။ ယောကျ်ားနဲ့ မိန်းမ အသားချင်းထိမိလို့ ဖျတ်ခနဲ ရင်တုန်တာကလွှဲပြီး မြမောင်အပေါ် မာသီ ထူးထူးထွေထွေစိတ်တွေ ဘာတွေ ထားကြည့်လို့မရပါဘူး။ တစ်ခါတလေတော့လည်း တွေးမိရဲ့၊ မြမောင်ကိုယူရင်တော့ မုန့်တွေ

mgyoe.com

mgyoe.com


အများကြီး စားရလိမ့်မယ်လို့လေ။

ဒါပေမဲ့ မြမောင် အဒေါ်မေ့ကို ပိုက်ဆံငါးဆယ်ပေးတဲ့ညကိုတော့ မာသီမုန်းတယ်။ မေ့လို့လည်း ရနိုင်မတဲ့လား။ ညဦးပိုင်းမှာ လာကြပြီးပြန်ခါနီးတော့ အဒေါ်မေ့ကို မြမောင်က အစိတ်တန်နှစ်ရွက် ထုတ်ပေးပြီး 'မကြီးမေနော်၊ မသေချာရင် ပြန်ပေးရမှာ' တဲ့။ ပြန်သွားတော့ မာသီက ဘာလဲလို့ မေးကြည့်တော့ အဒေါ်မေက 'အလကားပါ၊ အဒေါ်မေအသုံးလိုလို့ ပိုက်ဆံခဏဆွဲတာ၊ အိမ်ဆိုင်ထောင်မယ် ပြောပြီးတော့၊ အဲဒါပြောတာ'တဲ့လေ။ မာသီက ဘာသိမှာလဲနော်၊ မာသီသိတာက အဲဒီအချိန်မှာ မြမောင် ဝယ်လာတဲ့ မုန့်အချိုတွေ တအားစားထားတဲ့အရှိန်နဲ့ ထိုးအိပ်လိုက်ချင်တာပဲ သိတယ်။

အဲဒီညမှာ မာသီအခန်းထဲကို မြမောင်ရောက်လာပြီး ချစ်လှပါချေရဲ့တဲ့လေ။ ဒါပေမဲ့ နောက်ရက်ပေါင်းများစွာ ကြာတဲ့အခါမှာတော့ အဲဒီငွေငါးဆယ်ဟာ မာသီ့အပျိုစင်ဘဝကို ပထမဆုံး ရောင်းစားလိုက်တဲ့ ငွေဆိုတာ သိခဲ့ရတယ်။ မြမောင်ကစ လာလည်သမျှ ကာလသားတွေဟာ အဒေါ်မေ အရွယ်ကောင်းစဉ်က သူ့ဖောက်သည်တွေ။

အိုး... အစမှာတော့ သူ့တူက လိုချင်ရှာလွန်းလို့ပါ၊ ယူမှာပါ ပြောလိုပြော၊ သူ့တူဆိုတဲ့ မြမောင်ကလည်း မျှော်လင့်ချင်စရာ စကားတွေ ဝေဝေဆာနဲ့။ မထူးတဲ့ဘဝမှာ သူတို့ပြောသမျှ မာသီ ခေါင်းတဆတ်ဆတ်ညိတ်ပြီး အဒေါ်မေ ကျိုကျိုတိုက်တဲ့ ဆေးမြစ်ရည်တွေကိုလည်း သောက်ရ၊ သူပြောတာ မှန်သမျှကိုလည်း ဟုတ်နိုးနိုးနဲ့ပေါ့။

ဒီလိုနဲ့ပဲ မြမောင်မှာ မိန်းမရှိတယ်ဆိုတာ မာသီသိသွားတော့ ထိတ်လန့်တုန်လှုပ်သမျှတွေကို အဒေါ်မေက နှစ်သိမ့်ချော့မော့ပြီး သင်းကိုမရတော့ နောက်တစ်ယောက် ယူမှာပေါ့။ မရှားပါဘူးဆိုတာတွေနဲ့ နောက်တစ်ယောက်၊ ပြီးတော့ နောက်တစ်ယောက်။

* * *

တစိမ့်စိမ့်ကျလာတဲ့ မျက်ရည်တွေကို နံစော်ကျပ်ခဲဖြစ်နေတဲ့ ဇင်ပြာခေါင်းအုံးပေါ်မှာ ဖိသုတ်ရတယ်။ ပေါက်ထွက်နေတဲ့ မှို့စတွေက မျက်ရည်

mgyoe.com

mgyoe.com


စိုနေတဲ့ ပါးကို လာကပ်ကုန်တယ်။ တစ်ဆောင်လုံး အိပ်မောကျနေလိုက်ကြတာ။ မဖြူဥတို့၊ မကြည်မွှေးတို့ မစန်းချစ်တို့တွေကတော့ သူတို့နားထောင်ချင်တာ နားထောင်ရပြီးလို့ တဟိဟိနဲ့ လုပ်နေရာကနေ အိပ်ပျော်သွားလိုက်ကြတာ တရှူးရှူးနဲ့ ၊ မာသီမှာသာ ဒီလိုညမျိုးမှာ ဝေဒနာတွေ တစ်လှေကြီးနဲ့ အိပ်မပျော်နိုင်တော့တာ၊ ဝမ်းနည်းပက်လက်နဲ့ ကြိတ်ပြီးမျက်ရည်ကျရတာ၊ သူတို့ဆီက ရတဲ့ပိုက်ဆံနဲ့ မကာမိအောင် မာသီစိတ်ထိခိုက်ပြီး ကျန်ခဲ့ရတာ။

ဒါကြောင့် မာသီပြောတိုင်း ဘယ်တော့မှ နားမထောင်တဲ့ အစ်မမြအိမ်က ညည်းဟာ တို့အကြောင်းတွေက သူများတွေ ဖွင့်ချပြလို့လည်း ပြေသွားတာမျိုးမှ မဟုတ်တာဟယ်၊ နင်ဘာလို့လျှောက်ပြောနေလဲတဲ့။ 'ဟောဒီ ဗိုက်ဆာတဲ့ ပြဿနာကြောင့်ပေါ့ အစ်မရယ်' လို့ ရယ်ရယ်မောမော အမြဲပြန်ပြောခဲ့ပေမယ့် အစ်မမြအိမ်ပြောတာ မှန်ပါတယ်။ ဘယ်လိုပြောပြော၊ ဘယ်နှကြိမ်ပြောပြော ရင်ထဲမှာ လျော့သွားတယ်၊ ပြေသွားတယ်ရယ်လို့ မရှိဘူး။

တစ်ခါပြောပြီးတိုင်း တစ်ခါမျက်ရည်ကျရတာပဲ၊ ခံစားရတာပဲ၊ အို... ဒါပေမဲ့ ဒါတွေဟာ မာသီခုမှ ဖြစ်လာတာတွေပါ၊ သွားစမ်းပါ။ အရင်ကတောင်မှ၊ အဲဒီအဖြစ်တွေထဲမှာ နစ်နေတဲ့ ကာလတုန်းကတောင်မှ အစားမပျက် အရယ်မပျက် ထုံပေပေနိုင်ခဲ့သေးတာ။ ဒေါ်မေ သောင်းကျန်းနေတဲ့ဆီက ရပ်ရွာလူကြီးတွေ ဖွတ်ဆွဲထုတ်ပြီး ဒီရိပ်သာကို လာမပို့ခင် သုံးနှစ်ကျော် လေးနှစ်လုံးလုံး အဲဒီဘဝကြီးထဲမှာ ရှာကာလသားပေါင်းများစွာနဲ့ မာသီ ဒီလိုပဲနေခဲ့ရသေးတာပဲ။ ခုကျတော့မှ တွေးတောဝမ်းနည်းနေလို့ အပိုပါပဲ။

ခုလတ်တလော အရေးကြီးတာက မာသီဒီထဲမှာ အမြဲတမ်းစားနေရဖို့ပဲပေါ့။ ဒီထဲမှာ နေရသမျှ ကာလပတ်လုံးမှာ ဗိုက်ဝနေဖို့အတွက်ကတော့ ဒီနည်းပဲရှိတာပဲ။ မပြည့်တဲ့ဗိုက်ကို ဖြည့်ဖို့တစ်ည... တစ်ည ဒီနည်းနဲ့ ပိုက်ဆံလေး ငါးမူး သုံးမတ်ရ၊ နောက်နေ့တွေ မုန့်ခိုးဝယ်ပြီး ဖြည့်လိုက်နဲ့။

အင်း... ဒီလိုနဲ့ ဘယ်လောက်အချိန်ကြာကြာ ကျင်လည်နေရဦးမှာပါလိမ့်။ မာသီ့ကို ဘယ်တော့များမှ လိမ္မာပြီလို့ ယူဆကြမှာပါလိမ့်။ ဟော

mgyoe.com

mgyoe.com


ဒီထဲက ထွက်ပြီး အပြင်လောကမှာ လွတ်လပ်စွာ မာသီလျှောက်သွားခွင့် ရမယ့်နေ့ဟာ ဘယ်နေ့ပါလိမ့်။ အို... မာသီနေပုံထိုင်ပုံနဲ့တော့ မျှော်မှန်းလို့မှ ရနိုင်ပါတော့မလား မသိ။ အလုပ်မလုပ်ချင်တာရယ်၊ ခဏခဏ နပန်းလုံးရန်ဖြစ်တာရယ်၊ ထမင်းစားခန်းမှာ ဟင်းလက်ဝါးကြီးအုပ်မှုရယ်၊ ဒါတွေကြောင့် ခဏခဏအမှတ်လျှော့ခံရတာနဲ့ကို မာသီဘယ်တော့မှ အပြင်မရောက်ရတော့ဘူး ထင်ပါရဲ့။

နို့မို့ဆို မာသီလုပ်ပါတယ်၊ မပျင်းပါဘူး။ ဒီစက်ချုပ်တတ်တာဟာ အပြင်မှာ ကိုယ့်အတွက် အသက်မွေးဖို့ အထောက်အပံ့ တစ်ခုပဲဥစ္စာ မာသီသိပါတယ်။ ဟင်းမကောင်းပေမယ့် မာသီကြိုက်တဲ့ဟင်းနဲ့ ဗိုက်ဝဝစားထားတဲ့နေ့ဆို မာသီလုပ်သားပဲဥစ္စာ။ မညည်းညူပါဘူး၊ နှုတ်ခမ်းမစူပါဘူး။ ငယ်ငယ်က မေမေနဲ့ကြည့်ခဲ့တဲ့ အငြိမ့်သီချင်းတွေတောင် ပါးစပ်က ညည်းညည်းပြီးတော့တောင် လုပ်ပါသေးတယ်။ ဒါပေမဲ့ မာသီ ဗိုက်မဝတဲ့နေ့ဆိုရင်တော့ မာသီ စိတ်မပါတော့ဘူး။ ဘာပဲဖြစ်ဖြစ် အူမတောင့်မှ သီလစောင့်နိုင်တယ် ဆိုတဲ့စကားတောင် အရှိသားဥစ္စာ။ ဟန်ကလည်း မဆောင်တတ်တော့ အလုပ်လုပ်ရင်းအလွဲလွဲအချော်ချော်နဲ့ မလုပ်ချင်တော့ဘူး။ အဲဒီနေ့တစ်နေ့လုံးကတော့ သွားရော။ စိတ်ကလည်းတိုနဲ့ဆိုတော့ ကိုယ့် ထေ့တော့တော့ လာပြောတဲ့လူနဲ့ ရန်ဖြစ်ရော။ ဒေါ်သကကြီးတတ်တော့ လက်ကပါပါကုန်ရော။ မပြောချင်ပါဘူး။ အဲဒီတော့ မာသီ မကောင်းဖြစ်ရော။ အမှတ်လျှော့ခံရရော။

သူများတွေလို ဟန်ဆောင်တတ်ရင် မာသီကောင်းမယ်။ မဝကြတာချင်းအတူတူ၊ စိတ်ညစ်တာချင်းအတူတူ၊ စိတ်တိုတာချင်းအတူတူ အချို့ကောင်မတွေက မျိုသိပ်ထားတတ်ကြတယ်၊ ဟန်ဆောင်ထားတတ်ကြတယ်။ ဆရာမကျေနပ်အောင် ပြုံးပြတတ်ကြတယ်။ ပျော်ပြတတ်ကြတယ်။ နောက်ကွယ်ကျမှ တစ်မျိုးပေါ့။

ဒါဟာ တကယ်တော့ ကောင်းတာပေါ့။ လိမ္မာတာပေါ့။ အစ်မမြအိမ်ပြောသလို ပညာရှိတို့အမျက် အပြင်မထွက်ရဘူး ဆိုတာလိုပေါ့။ အို... မာသီကတော့ မရပါဘူး။ လုပ်မနေစမ်းပါနဲ့၊ ဘာပညာရှိတို့ အမျက်အပြင်မထွက်ရလဲ။ ဒီထဲမှာ ဘယ်သူတွေများ ပညာရှိနေကြလို့လဲ။ မာသီမှာလည်း

mgyoe.com

mgyoe.com


ဘာပညာမှရှိတာ မဟုတ်တော့ ထွက်တယ်လေ။ အမျက်တွေ၊ ဒေါသတွေ အားလုံးပဲထွက်တယ်။ ဘာဖြစ်သေးလဲ၊ ဒါမှ ရင်ထဲမှာ ရှင်းလင်းသွားတယ်။ မာသီမှ ဟန်မဆောင်တတ်တာကြီး။

ဒုက္ခပါပဲ။ အတွေးတွေ ယောက်ယက်ခတ်ရာက အိပ်မပျော်တော့ဘူး။ ဗိုက်ထဲကလည်း တဂွိဂွိနဲ့။ ကြိတ်မှိတ်ပြီး အိပ်ဦးမှ။ တော်ကြာ မနက်ငါးနာရီ မထနိုင်လို့ တစ်မှတ်လျှော့ပြန်ဦးမယ်။ နောက်ပြီး နက်ဖြန်က မာသီတို့ ထမင်းချက်ရမယ့် အလှည့်။ ဗိမ်ပဲ၊ မနက်အစောကြီး ထမင်းရည်မသောက်ရတာ ကြာပြီ။ ထဘီကြားထဲကပိုက်ဆံလေး နက်ဖြန်မသုံးသေးဘူး။ အသာသိမ်းထားလိုက်ဦးမယ်။ ကိုယ်ထမင်းချက်လှည့်ဆိုတော့ ဟိုဟာတို့တို့ နှိုက်မြည်း၊ ဒီဟာတို့တို့နှိုက်မြည်းလိုက်နဲ့ ဗိုက်ဝမှာ။ အင်း... ဒီလိုဆိုတော့လည်း မနက်ဖြန်အတွက်တော့ လောကကြီးဟာ ကျေနပ်စရာအကောင်းသား။ ဒီညဟာ မနက်ဖြန်အတွက် မပူရမပင်ရဘဲ အိပ်ရမယ့်ညပေါ့။ ကျေကျေနပ်နပ်နဲ့ အိပ်ရင်းကနေ နဖူးပေါ်လက်ယှက်ပြီး အမေ့ကို မှန်းကန်တော့လိုက်တယ်။ ဒါ အိပ်ခါနီးတိုင်း မာသီအမြဲမပျက်ခဲ့တဲ့ ဝတ္တရားပါအမေရေ။ အဒေါ်မေ့အိမ်မှာတုန်းကလည်း ညအိပ်ရာဝင်တိုင်း သူတစိမ်းရဲ့ ရင်ခွင်ထဲကတောင် ဒီဝတ္တရား မပျက်ခဲ့ပါဘူး။ အေးမာသီကို အမေယုံတယ် မဟုတ်လားဟင်။

* * *

"အို... ဖျားတာပဲ၊ ဘာပြုလို့ ငိုနေလဲ နန်းဖောင်း။ ဆရာမ ပြောနေတယ်နော်တိတ်... တိတ်၊ ထမင်းမစားချင်ရင် သွားအိပ်ချေ၊ ပြီးတော့ ဆန်ပြုတ်ကျိုတိုက်မယ် ဟုတ်ပြီလား"

ဆရာမအသံကြောင့် ထမင်းစားရင်းက မာသီ ပျော်သွားတယ်။ အစ်မမြအိမ်ကို 'ဆန်ပြုတ် ကျွန်မကျိုပေးလိုက်မယ် အစ်မ' လို့ ကသောကမျော လှမ်းပြောတော့ မိအေးသိန်းက မျက်စောင်းထိုးတယ်။ ဟင်း... ဘယ်ရမလဲ၊ မွှေမွှေချင်း ခြေမြင်တာပေါ့။ နေမကောင်းတဲ့သူအတွက် ဒီနေ့ ထမင်းချက်လှည့်ကျတဲ့သူတွေကပဲ ဆန်ပြုတ်ကျိုပေးရမယ်လေ။ ကျိုပေးရင်းနဲ့ တစ်ပန်းကန်လောက်ကို မီးဖိုထဲမှာတင် ကိစ္စပြီးလိုက်လို့ ရတယ်

mgyoe.com

mgyoe.com


လေ။ လစ်ရင်လစ်သလို သကြားလေးနည်းနည်းလောက် ရအောင်ထည့်ပြီး မျှား သောက်လိုက်ရရင် နေ့လယ်စာအတွက် သိပ်အိုကေသွားပြီပေါ့။ နန်းဖောင်းလည်း ငိုငိုရယ်ရယ်နဲ့ ထမင်းပွဲကထရော သူ့နားက ဟင်းခွက်တူတူ ပေါင်းစားရတဲ့ ကောင်မနှစ်ကောင် မျက်နှာကို ဝင်းလက်သွားတာပဲ။ နန်းဖောင်းကိုယ်တာ ဟင်းကို သူတို့စားရတော့မယ်လေ။

နန်းဖောင်းက မျက်ရည်တွေကို သုတ်ရင်းဆရာမကို မရဲတရဲနဲ့...

"ဗိုက်ထဲက အားကြီးဆိုးတယ် ဆရာမ...၊ တအားကြီးလည်း ဟာနေတယ်၊ ကျွန်မကို ကော်ဖီရည် တိုက်ပါဆရာမ" တဲ့။ ဆရာမက "အေးအေး ဟုတ်သားပဲ၊ ဆေးနဲ့သောက်တာပေါ့" တဲ့။ နေ့လယ် ဆရာမတွေ ဖျော်သောက်တဲ့ထဲက တိုက်မလို့ထင်တယ်။ နန်းဖောင်း ကံကောင်းသွားပြီ။ ခဏနေရင် ဆန်ပြုတ်လည်း သောက်ရဦးမယ်။

နန်းဖောင်းက ရှမ်းပြည်နယ်က။ သူလည်း 'ဆင်းရဲချို့တဲ့' နဲ့ ရောက်လာတာပဲ။ နန်းဖောင်းရောက်ခါစတုန်းက ငယ်ငယ်လေးတဲ့၊ ဆယ့်နှစ်နှစ်သမီးလောက် ရှိသေးတာတဲ့။ သူ့မိဘတွေက သိပ်ဆင်းရဲတော့ သူ မပျော်ဘူးပေါ့။ ခဏလေးနေလိုက်ရတဲ့ ဆရာမဆီကို သွားမယ်ဆိုပြီး အိမ်ကနေ ထွက်လာတာ။ ဆရာမအိမ်က ဘယ်နားမှန်းလည်း မသိနဲ့ဟာ မီးရထား လမ်းတစ်လျှောက် ဖြည်းဖြည်းချင်းလမ်းလျှောက်လာတာတဲ့။ အဲလိုနဲ့ ဘူတာတစ်ခုကျ မီးရထားပေါ် တက်လိုက်ခဲ့ပြီး မန္တလေးဘူတာကြီး ရောက်လာပြီး ဘူတာကြီး ရဲစခန်းကနေ ဒီပို့လိုက်တာ။ ပထမ ရောက်စတုန်းကတော့ ဟိုဘက်က 'သက်ငယ် မိန်းကလေး' တွေ ထားတဲ့နေရာမှာ နေရတယ်၊ အဲဒီကမှ ဆယ့်ခြောက်နှစ်ပြည့်တော့ ဒီဘက်ရောက်လာတာ။ သူလေးလည်းတစ်သက်လုံး... သူ့ကိုစောင့်ရှောက်မယ့်သူ မတွေ့မချင်းပေါ့လေ၊ ဒီမှာနေရမှာပဲ။ သူ့မိဘတွေ...၊ သူ့အိမ်နေရာတွေ၊ လမ်းတွေ သူဘာမှမမှတ်မိတော့၊ နန်းဖောင်းက လိမ္မာပြီး အလုပ်ကြိုးစားတော့ သူ့ကို ဆရာမတွေက အရေးပေးတယ်။ နန်းဖောင်းက ခိုင်းလို့ကလည်း သိပ်ဖင်ပေါ့တာကိုး။ ရိုးလိုက်၊ အ,လိုက်တာလည်း မပြောနဲ့။ စာတတ်ချင်တာကလည်း အလွန်။

သူ သက်ငယ် မိန်းကလေး အဆောင်မှာ နေတုန်းက ကျောင်းနေရသားပဲ။ ဒါပေမဲ့ ဘာလို့မှန်းမသိဘူး၊ ဉာဏ်က အင်မတန် ထိုင်းသတဲ့၊

mgyoe.com

ရေးတတ်ဖတ်တတ် ရုံတောင် မနည်းသင်ရတယ်တဲ့၊ ဒီဘက်ရောက်လာတော့လည်း ညညမှာ အင်္ဂလိပ်စာ တတ်ချင်လွန်းလို့ အင်္ဂလိပ်စာတတ်တဲ့လူတွေဆီကို လိုက်လိုက်သင်ခိုင်းလိုက်တာ၊ ဒီထဲ ရောက်နေတဲ့ သူတွေထဲမှာ အင်္ဂလိပ်စာ ကောင်းကောင်း တတ်တဲ့သူဆိုလို့ ပြေးကြည့်နှစ်ယောက်မရှိဘူး။ ဒါပေမဲ့ နန်းဖောင်းကတော့ အဲဒီ နည်းနည်းသိတဲ့သူဆီက ရသမျှစာလုံးလေးတွေကို ညညကျရင် အော်ကျက်ရတာအမော။

နန်းဖောင်း ဆာနေမှာကို သနားတာနဲ့ မာသီ ထမင်းမြန်မြန်စားလိုက်တယ်၊ နို့မို့ဆို နောက်ထပ် ထမင်းတစ်ပန်းကန်လောက်တော့ အသာလေး ရသေးတယ် ဒီနေ့ဟင်းက မဆိုးဘူး၊ မာသီတို့ အုပ်စုလက်ရာ ကန်စွန်းရွက်ချဉ်ရည်နဲ့ ငါးပိကြော်။ ချဉ်ရည်ကတော့ ကျဲကျဲပေါ့လေ။ ကြားကောင်း အောင်ခေါ်ထားတဲ့ ငါးပိကြော်ကလည်း ငါးပိနည်းနည်း၊ ငရုတ်သီး များများပေါ့၊ ဒါပေမဲ့ မဆိုးပါဘူး၊ ချဉ်တာ စပ်တာ ကြိုက်တတ်ကြတဲ့မိန်းကလေး တွေဆိုတော့ စားလို့ဝင်ပါတယ်။

နောက်ဆုံး တစ်လုတ်ကျန်တဲ့ ထမင်းလုတ်ကို သွတ်လိုက်ပြီး ချဉ်ရည်ဟင်းတစ်ဇွန်းကို 'ရှူး' ခနဲ အစားပိတ် သောက်လိုက်ရင်းက ထပြီးရပ်လိုက်တော့ ဘေးနားမှာ အတူစားနေတဲ့ မချွေအ က ဂူးဝါးဂူးဝါးနဲ့ မာသီဖင်ထိုင်တဲ့ နေရာကို မေးငေါ့ပြနေတယ်။ ဟိုတစ်ဖက်က စားနေတဲ့ မဖြူဥကလည်း 'နင်ကလည်း... လုံလုံခြုံခြုံလေးများ လုပ်ထားရောပေါ့ဟယ်' တဲ့။

လက်ထဲက ပန်းကန်ပြား စားပွဲပေါ်ပြန်ချပြီး ထဘီကို ကပျာကယာလှည့်ရင်းက 'ဟုတ်သား' ဆိုပြီး ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသလို ဖြစ်လိုက်သေးတယ်။ ဩော်... ဟိုတုန်းက ဖြစ်နေကျအတိုင်းမျိုးလေ။ ဒီလိုရက်မျိုးရောက်လာမှာကို မျှော်လင့်နေတတ်ပြီး ရောက်လာရင် ဝမ်းသာနေကျဆိုတော့ အကျင့်အတိုင်း ထိတ်ခနဲ ဝမ်းသာသွားတယ်လေ။ အဒေါ်မေ အိမ်မှာတုန်းက ဒီလိုရက်မှာမှ မာသီ အနားရတာကိုး။ ဟိုအရင် မသိတတ်ခင်ဒီကိစ္စကို စမြင်စတုန်းကများ ရုတ်တရက် ကြောက်သလို ရှံ့သလိုနဲ့။ အဒေါ်မေအိမ်မှာလေ အဒေါ်မေက 'ဟင် ညည်းခုမှ အပျိုဖြစ်တယ်...၊ ဒါအပျိုဖြစ်တာ' တဲ့။ နောက်တော့လည်း အဲဒီရက်ကို မျှော်လင့်တကြီး စောင့်တတ်လာတယ် အဒေါ်မေ့ကို လူလည်လည်း ကျတတ်လာတယ်။ ထုံးနဲ့

mgyoe.com

mgyoe.com

နန္နင်း ဖျော်ထားတာတွေကို ထဘီမှာလိမ်းပြီး ဆယ်ရက်လောက် နေမကောင်း ဖြစ်ပြလိုက်တယ်။ ခု ဒီမှာတော့ ဘာမှဝမ်းသာစရာ မလိုပါဘူး။ အင်း... ဝမ်းနည်းချင်ရင်တောင်မှ ရနိုင်သေးတယ်။ အိပ်ရာပေါ် နားမနေရလို့လေ၊ အလုပ်ကတော့ လုပ်နေရမှာမို့လေ။

"ငါ အိပ်ဆောင်ပေါ် ထဘီသွားလဲလိုက်ဦးမယ်၊ ခဏလေးနော်။ အစ်မမြအိမ် ကျွန်မပြန်လာမှ ဆန်ပြုတ်ကျိုမယ် သိလား။ မဖြူဥ... ငါ့ပန်းကန်လေး ဆေးပေးနော်... နော်"

ပြောပြောဆိုဆို အိပ်ဆောင်ဘက် မာသီပြေးထွက်လာတော့ မိအေးသိန်းရဲ့ မကျေမနပ်သံက နောက်က လိုက်လာတယ်။

"ငတ်ကြီးကျမ၊ ဒီဆန်ပြုတ်ကို ခိုးမသောက်ရရင် သူက သေတော့မှာ..."

* * *

ဖြစ်တာက ဖြစ်ပစ်လိုက်ပြီ၊ လုပ်လည်း လုပ်ပစ်လိုက်ပြီးပြီ။ ဒါပေမဲ့ ဆရာမရဲ့ 'ကဲ... မိုးချုပ်တော့မှာမို့ ဒဏ်ပေးလို့ မရဘူး။ လာခဲ့' ဆိုတဲ့အသံနဲ့အတူ ထားဝယ်ကြိမ်ကို 'ဆ' တဲ့ တရွှမ်းရွှမ်းသံကို ကြားရတော့ ကျောထဲမှာ စိမ့်ခနဲ၊ အို... ကိုယ်လုပ်လို့ ကိုယ်ခံရတာပဲ၊ ဘာဖြစ်လဲ။ အရိုက်မခံဖူးတာလည်း မဟုတ်။ ဒီထဲရောက်တဲ့ တစ်နှစ်အတွင်း ငါးခါရိုက်ခံပြီးပြီပဲ။ ဒဏ်ပေးခံရတာထက်စာရင်တော့ တော်ဦးမယ်။ ဘာပဲဖြစ်ဖြစ် မိအေးသိန်းကို စိတ်ရှိလက်ရှိ ဆော်လဘန်တေ ပစ်လိုက်ရတာကိုပဲ အားရတယ်။ ဟိုထောင့်မှာ ကုတ်ရာခြစ်ရာတွေ ဗရပွနဲ့ ငိုနေပြီလေ။ မှတ်ထား၊ မာသီ့ကို စမ်းဦး။ တကယ်တော့ ပြဿနာက ဘာမှမဟုတ်ပါဘူး၊ စိုက်ခင်းဆင်းပြီး အားလုံးရေမိုးချိုးပြီး ထမင်းစားဖို့ စောင့်နေကြတုန်း မာသီက နေ့လယ်စိုက်ခင်းဆင်းရင်း ရှားရှားပါးပါးမြင်ထားတဲ့ သရက်သီးကို အသာတက်ခူးတာ၊ ဒီညနေ ဟင်းက ငံပြာရည်ချက်ဆိုတော့ သရက်သီးရွှမ်းပြင်းနဲ့ အံကျပဲပေါ့။ ဒီသရက်သီးကလည်း တကယ့်ကို တစ်လုံးတည်းကျန်တော့တဲ့ ရွက်ပုန်းသီး၊ ဒီသရက်ပင် သီးပါပြီဆိုကတည်းက အကင်းကနေ အမှည့်ထိ အားလုံးခူးစားနေကြတာ ကုန်ကြာလှပေါ့၊ ဒီအသီးက မမြင်လို့ ချန်ထားခဲ့ကြတာ။

mgyoe.com

mgyoe.com

အဲဒါကို မာသီလည်းတက်ရော မိအေးသိန်းရယ်လေ ဘာမပြောညာ မပြောနဲ့ နောက်ကလိုက်လာပြီး "ငါမြင်ထားတာ၊ ငါ့ခူးမလို့" လုပ်ရော။ ဘယ်လောက်လူဝါးဝတဲ့ ကောင်မလဲ။ ဘာပြောကောင်းမလဲ၊ တစ်ခါတည်း သစ်ပင်ပေါ်ကတွန်းချပြီး စိတ်ရှိလက်ရှိ လုံးသတ်ပစ်လိုက်တယ်။ မှတ်ကရော။ စားခါနီး အချိန်မျိုးမှာတော့ လာမလုပ်နဲ့၊ အသက်ချင်း လဲပစ်လိုက်မယ်။

"ဘယ်သူနဲ့လဲဆို အေးမာသီပဲ မေးစရာမလိုဘူး၊ ကျန်တဲ့လူသာမေး။ အလုပ်လည်း ကောင်းကောင်းမလုပ်ချင်၊ ဒီပုံနဲ့သာနေ၊ ညည်းဒီထဲမှာ သံမှိုစွဲတာထက်တောင် မြဲဦးမယ်၊ ဟိုဘက်လှည့်ကဲ..."

ထားဝယ်ကြိမ်ဒဏ်က အသည်းထိခိုက်အောင် နာတယ်။ တင်ပါးတစ်လျှောက်၊ ပေါင်တွေ၊ ခြေသလုံးတွေမှာ စပ်ဖျဉ်းနာကျင်သွားတဲ့ ဝေဒနာကို ကျိတ်ခံရတယ်။ ခဏနေတော့ ပြီးသွားမှာ။ နေ့တစ်ဝက်လောက် အိမ်သာဆေး၊ မြောင်းဖော်ရမှာထက် စာရင်တော့ တော်သေးတယ်။

မာသီ့ရိုက်ပြီးတော့ မိအေးသိန်းလည်း ရိုက်တယ်၊ ဒါပေမဲ့ သူက အထိနာတဲ့ သူဆိုတော့ လက်ဝါးတွေကိုပဲ ရိုက်တယ်။

"ကဲ... သွားကြ၊ ထမင်းစားဖို့လုပ်ကြ၊ စားရင်းထပ်ဖြစ်ရင် ထပ်ရိုက်မယ်၊ အဲဒီသရက်သီးကို ဘယ်သူမှ မစားရဘူး"

ထမင်းစားပွဲမှာ ထိုင်တဲ့ထိ တစ်ကိုယ်လုံး ပူလောင်စပ်ဖျဉ်းနေတယ်။ တော်တော်နာတယ်။ ထမင်းလုတ်ကို ကိုင်ထားတဲ့လက်တောင် တုန်နေတယ်။ အံကို တင်းတင်းကြိတ်ထားရင်းက မျက်ရည်ဝဲလာချင်တယ်။ နာလို့မဟုတ်ပါဘူး။ နာတာကြောင့် မဟုတ်ပါဘူး။ ဆရာမပြောတဲ့ စကားကြောင့်။ ဒီအထဲမှာ သံမှိုစွဲတာထက်တောင် မြဲဦးမယ်ဆိုတဲ့စကား။ ဟောဒီ ငံပြာရည်ချက်တွေ၊ ချဉ်ရည်ကျဲတွေ၊ မှျစ်တွေ၊ ဘဲဥတွေနဲ့ အကြာကြီးနေရဦးမယ်ဆိုတဲ့ အသိကြောင့်ပေါ့။

* * *

"နှစ်ယောက်လုံး၊ နှစ်ယောက်လုံးကို ငါပြောတာ၊ မမိုက်ကြစမ်းပါနဲ့လို့ အတန်တန်ပြောလို့မရဘူး၊ လိမ္မာအောင်နေပါဟဲ့လို့ အတန်တန်ပြော

mgyoe.com

mgyoe.com


မရဘူး၊ ထစ်ခနဲဆို သူတို့နှစ်ယောက်၊ ကဲ… ဖြစ်ရတော့ ညည်းတို့ ဘာရတုံး၊ အမှတ်လျှော့ခံရတာပဲ အဖတ်တင်တယ် မဟုတ်လား”

အစ်မမြအိမ်က မာသီ့ဒဏ်ရာတွေကို နန္ဒင်းလူးပေးရင်း တဖျစ်တောက်တောက်နဲ့။ ဩော်… အစ်မ မြအိမ်ကတော့ ဒေါသကို ထိန်းနိုင်သူကိုး။ အရာရာကို အလျှော့ပေးတတ်သူကိုး။ ဘာကိုပဲဖြစ်ဖြစ် ရင်ထဲမှာတင် ကြိတ်မှိတ်မျိုထားတတ်တဲ့ သူကိုး။ မာသီက ရမှမရတာ အစ်မရယ်။ မရတာမှ မိအေးသိန်းကို ခုချရမယ်ဆိုရင် ချချင်သေးတယ်။

မာသီတို့ ပြဿနာကြောင့် အိပ်ဆောင်ထောင့်က စကားဝိုင်းလည်း ဒီညမဖြစ်ဘူး။ ကိုယ်အိပ်ရာလေးတွေပေါ်တင် ကြမ်းပိုးရှာတဲ့သူရှာ၊ ခေါင်းအုံးစုတ် ချုပ်တဲ့သူချုပ်နဲ့ ငြိမ်နေကြတယ်။ ဆရာမကလည်း ထပ်ဖြစ်မှာစိုးလို့ ခဏခဏ လာကြည့်နေတယ်လေ။ အဲဒါမှ တကယ့်ပြဿနာ။ ကိုယ့်ဒဏ်ရာက ဒဏ်ရာပဲ၊ မာသီ ဒီညအကြံအဖန်လုပ်မလို့ စိတ်ကူးထားတာ။ ပြားခြောက်ဆယ်က ကုန်ပြီလေ။ မနက်ဖြန်မုန့်စားဖို့ မရှိဘူး။ အစ်မမြအိမ်ကလည်း ဒီညကြံဖန်ကျွေးမယ့်ပုံ မပေါ်ဘူး။ သူသိရင်တော့ အရေးထဲဆာနေသေးသလားလို့ ပြောဦးမယ်။ ဘာဆိုင်လဲ၊ ရန်ဖြစ်တာကဖြစ်တာပဲ ဆာတာက ဆာတာပဲဥစ္စာ။

“အဲလို ပြောလို့တော့ မရဘူး မမြအိမ်။ ကျုပ်ပြောမယ်၊ လူဆိုတာက…”

ဟော… မစူးရယ်… သူ့အိပ်ရာခြေရင်းမှာ လက်နောက်ပစ်လျှောက်ရင်း စကားကြီးစကားကျယ် စတော့မယ်။ သူ့မျက်နှာက သိပ်စဉ်းစားနေတဲ့ ပုံစံအပြည့်နဲ့။

“လူဆိုတာ အမြဲတမ်းခေါင်းငုံ့ခံနေလို့ မရဘူး။ အလျှော့ပေးပေးနေလို့ မရဘူး။ မခံနိုင်တဲ့ တစ်နေ့နေ့မှာ ချကြမှာပဲ။ ဒါကို အပြစ်မပြောပါနဲ့၊ ဒီကလေးမနှစ်ယောက်ကို အပြစ်မပြောပါနဲ့နော်… နော်၊ ဒါကို ကျုပ်လေးလေးနက်နက် သတိပေးတာပါ”

မစူးက လက်ညှိုးတထောင်ထောင်နဲ့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လို့။ အင်း… မစူးက ဘယ်လိုပြောရမလဲ ကြောင်တောင်တောင်ပေါ့။ အစ်မမြအိမ်ကတော့ ဘယ်သူ့ဖြစ်ဖြစ် လေချိုသွေးမြဲ ထုံးစံအတိုင်း “ဩော်… မစူးရယ် အပြစ်ပြောတာ မဟုတ်ပါဘူး၊ သူတို့လိမ္မာမှ သူတို့

mgyoe.com

mgyoe.com


မပျော်တဲ့ ဒီထဲက ထွက်ရမယ် မဟုတ်လား၊ ဒီတော့..."

အစ်မမြအိမ်စကားကို ဖြတ်ပြီး မစူးက အိုက်တင်အပြည့်နဲ့ လက်ကာတယ်။

"တော်... တော် မမြအိမ်၊ သူတို့တင်မှ မဟုတ်ပါဘူး၊ ဘယ်သူတွေကကော ပျော်လို့လဲ။ ကျုပ်ကိုပဲကြည့်၊ ကျုပ်... ဒီရောက်တာ ရက်နှစ်ဆယ်မရှိသေးပါဘူး။ ဒါပေမဲ့ ကျုပ်မပျော်ဘူး၊ နှမ်းတစ်စေ့မှ မပျော်ဘူး။ ဒါတောင် ကျုပ်က ခဏနေရမယ့်သူ။ မကြာခင် အိမ်ကလာခေါ်ကြမှာ။ ကျုပ်မှာ ဘာအပြစ်မှရှိခဲ့တာ မဟုတ်ဘူး။ အဲ... အဲ... ကျုပ်ပြောချင်တာက ဒီကလေးမတွေကို ခေါင်းငုံ့ခံမယ့် နည်းမျိုးနဲ့တော့ ဒီထဲက မထွက်ပါစေနဲ့။ ထွက်လမ်းတွေ အများကြီးပါ။ နည်းလမ်းတွေ အများကြီး။ ထွက်ပြေးမလား ရတာပဲ၊ အဲဒီလိုမှ မစွန့်စားချင်ရင် ဥပဒေအတိုင်းထွက်မလား"

"အို... ဒုက္ခပါပဲ မစူးရယ်၊ ဆရာမလာရင်း ကြားသွားမှ"

အစ်မမြအိမ်က ကြောက်လွန်းလို့ မျက်စိမျက်နှာအပျက်ပျက်နဲ့။ အနားက မစန်းချစ်တို့က မစူးကို အတင်းဆွဲထိုင်ခိုင်းကြတယ်။ မာသီကတော့ မစူးကို အားကိုးတကြီး ကြည့်နေမိတယ်။ မစူးက ကြောင်တောင်တောင်ပေမယ့်၊ သူ့အပြောအရဆို ဆယ်တန်းရောက်ခဲ့ဖူးသတဲ့။ ဟုတ်လည်း ဟုတ်နိုင်တယ်။ သူပြောတတ် ဆိုတတ်တယ်။ နန်းဖောင်းကိုလည်း သူပဲ အင်္ဂလိပ်စာသင်ပေးနေတာပဲ။ နောက်ပြီး ဆရာမတွေဆီက ဝတ္ထုစာအုပ် ငှားဖတ်တာဆိုလို့ ဒီထဲမှာ သူတစ်ယောက်ပဲရှိတာ။ စိတ်ရရင် မစူးပြောတတ်တဲ့ စကားကြီးစကားကျယ်တွေထဲမှာ ဒီတစ်ခါစကားတွေကို စိတ်အဝင်စားဆုံးပဲ။

"သြော်... ခက်ပကော၊ ဘယ့်နှယ် လူလာဆွဲနေကြတာတုံး၊ မှန်တာလေးတွေတော့ ပြောပါရစေ၊ မှန်တာပြောတဲ့ ပါးစပ်ကိုတော့ မပိတ်ကြပါနဲ့၊ ကျုပ်က ကျုပ်နားလည်တာလေးတွေ ရှင်းပြတာပါ။ ကျုပ်က မတရားတာ ခံထားရတဲ့သူဆိုတော့ သိတယ်။ ဥပဒေတွေ ဘာတွေကို နောက်ပြီး ကျုပ်အရီးတို့ မော်တော်ကားတွေ မှောင်ခိုပစ္စည်းတင်မှုနဲ့ ခဏခဏဖမ်းခံရတာ။ မောင်မောင် ပြောပြောနေတော့ ကျုပ်ဥပဒေတွေသိတယ်။ ခြောက်တစ်တို့ ခြောက်နှစ်တို့၊ ဟော... ခုလည်း ထွက်ချင်ရင် အလွယ်လေး ဟောဒီထဲက ပစ္စည်းတစ်ခုခု ရိုက်ခွဲလိုက်၊ ဟောဟိုက မှန်ဖြစ်ဖြစ် လှမ်းခွဲလိုက်။

mgyoe.com

mgyoe.com


အဲဒါ ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှု သူတို့ရဲတိုင်ရမယ်။ မတိုင်လို့ မရဘူး။ တိုင်ရင် ရဲက လာဖမ်းသွားရော။ ဟိုကျထောင်ကျမယ်။ ချပေါ့ ဘာဖြစ်လဲ အလွန် ခြောက်လ တစ်နှစ်ပေါ့။ အဲ... လွတ်ရင်ပြီးပြီလေ။ ကိုယ်သွားချင်တဲ့ ဆီ သွားတော့ပေါ့။ လွတ်ပြီ ကျွတ်ပြီ မလှရီရေပဲ...၊ အဲဒီထဲမှာသာဆို မလိမ္မာသေးသရွေ့ နေပေဦး သုံးနှစ်လည်းဟုတ်၊ ငါးနှစ်လည်းဟုတ်၊ ဆယ်နှစ်လည်း ဟုတ်ပဲ"

မစူးပြောတာ တကယ်မှန်ရင်တော့ တော်တော်ကောင်းတဲ့နည်းပဲ၊ စမ်းကြည့်သင့်တဲ့နည်းပဲ။ မစူးက ဆက်ပြောလိုက်သေးတယ်။" ငါသာဆို ပြေးပြီ၊ ခုဟာက ငါ့ကို မကြာခင် ပြန်လာခေါ်မှာမို့၊ ဒီကို ခဏဆိုပြီး ပို့ ထားတာ" တဲ့။ အင်း... သူလည်း သူ့မျှော်လင့်ချက်လေးနဲ့ သူပဲ၊ သူ့ကို လာပို့တာက သူ့ယောက္ခမနဲ့ ရှေ့နေအမျိုးသမီးတစ်ယောက်။ ပြောလို့ဆိုလို ဘယ်လိုမှမရတော့ဘဲ ယောကျ်ားကို တွေ့ရာနေရာမှာ လိုက်အရှက်ခွဲနေလို့ တဲ့။ ကောင်စီထောက်ခံစာလည်း ပါတယ်၊ ဒီမှာ ခဏလေး ထိန်းထားပေးပါ တဲ့၊ ကွာရှင်းတဲ့ကိစ္စတွေ အားလုံးပြီးသွားရင် ပြန်လာခေါ်မှာပါဆိုပြီး လာ ထားသွားတာ။ ဒီကလည်း အားလုံးပြည့်စုံနေတော့ 'အုပ်ထိန်းမနိုင်' အဖြစ်နဲ့ လက်ခံထားလိုက်တာပေါ့။

ဒီရောက်ပြီး လေးငါးဆယ်ရက်ကြာမှ မစူးစကား အသွားအလာတွေ ကြည့်ပြီး မစူးဟာ ခပ်ကြောင်ကြောင် ဖြစ်နေတယ်ဆိုတာ သိရတယ်။ အဆိုးကြီးတော့ မဟုတ်ဘူးပေါ့၊ မစူးမှာ သူ့လာခေါ်မယ့် သူတွေကို မျှော်ရ တာ အမော။ မောင်မောင် လာခေါ်မှာဆိုတဲ့ စကားကိုလည်း တွင်တွင် ပြောတတ်ရဲ့။ ထားသွားတဲ့သူတွေကလည်း အရက်နှစ်ဆယ်သာ ကျော်ရော တစ်ကောင်တစ်မြီးမှ ပေါ်မလာကြဘူး။ နောက်ပြီး မစူးမှာက နှစ်ခါလည် သမီးလေးနဲ့။

* * *

"ညည်းတော်တော် တရားလွန်နေပြီ အေးမာသီ၊ ဇွတ်ငြင်းမနေနဲ့၊ ဟင်းတုံးကို ညည်းပါးစပ်ထဲ သွတ်လိုက်တာ အခြားသူတွေ မြင်တယ်"

"သူ... ခဏခဏပဲ၊ ဆရာမ"

mgyoe.com

ကြည့်စမ်း... မိအေးသိန်း။ သူကတော့ မလုပ်တာကျလို့။ ဒီလိုပဲ ထမင်းစားခါနီးလို့ ဟင်းအိုးမီးဖိုထဲ သွားမကြဲဆိုရင် မီးဖိုထဲမှာ အလစ်ကို ဟင်းအိုးထဲက ဟင်းတစ်တုံးလောက် ပါးစပ်ထဲ ကောက်ထည့်ပစ်ကြတာပဲ။ သူဦးသူ၊ ကိုယ်ဦးကိုယ်ပေါ့၊ ဒါကို ဒီနေ့ မာသီလုပ်တော့ ဆရာမ သွားတိုင်တယ်။

"အားလုံး ညီညီမျှမျှ စားရမယ်လို့ ပြောထားတာ မသိဘူးလား၊ အေးမာသီ ပါးစပ်ဟစမ်း"

ဘယ်လို လုပ်တတ်နိုင်တော့မှာလဲ။ ခဏနေမှ ထမင်းနဲ့ရောစားဖို့ မာသီပါးစောင်ထဲမှာ ဂှက်ထားတဲ့ ဟင်းတုံးကို ဆရာမမြင်သွားတာပေါ့။

"ညည်းကိုတော့ မဖြစ်တော့ဘူး အေးမာသီ၊ ညည်းအကြောက်ဆုံး ဒဏ်ပေးမှ ဖြစ်တော့မှာ။ သွား၊ ဒီနေ့ မနက်စာ ထမင်းဖြတ်တယ်။ ညည်း အလုပ်ခန်းထဲမှာသွားစောင့်နေ"

သေလိုက်ပါတော့ အေးမာသီရယ်။ ဆာတာရယ်၊ ဒေါသရယ်၊ ဝမ်းနည်းတာရယ် ပေါင်းပြီး ငယ်ငယ်ကလို အားရပါးရသာ အော်လိုက်ချင်တော့တယ်။ မာသီထွက်လာတော့ "ဒီလိုမလုပ်သင့်ဘူး ဆရာမ" ဆိုတဲ့ မစူး ထအော်တဲ့အသံကို ကြားရတယ်။ ဆရာမ ဒေါသက မစူးဆီ လှည့်သွားပြီ။ ဒါပေမဲ့ မစူးကတော့ ခံမှာမဟုတ်ဘူး ပြန်ပြောမှာပဲ။

ဒီဟင်းလေးတစ်တုံးနဲ့ မာသီညနေ ငါးနာရီထိ နေရတော့မယ်။ ဘယ်လိုနေလို့ ရပါမလဲ။ မုန့်ခိုးဝယ်စားစရာ ပိုက်ဆံလည်း မရှိဘူး။ ဝင်းတံခါးပေါက်က သော့ခလောက်ကြီးကို စူးစိုက်ကြည့်မိတယ်။ ပွင့်လိုက်စမ်းပါလား။ မိုးအဆုံး မြေအဆုံးထိ မာသီတအားပြေးမှာ။ မာသီ့နောက် ကျည်ဆန်တွေ ဓားတွေ တုတ်တွေအများကြီး ပလူပျံလိုက်လာစေဦး မာသီပြေးမှာ။

အင်း... ခုချိန်များ ပြေးလိုက်ရလို့ကတော့ အပြင်မှာ တွေ့သမျှဆိုင်တွေက စားစရာတွေကို မာသီလျှောက်စားပစ်မိတော့မှာပဲ။ ပိုက်ဆံဆိုတာက လွယ်ပါတယ်၊ ရှာရင်ရ... ရမှာပေါ့။ ရှာတတ်ဖို့သာ လိုတာပါ။ အို... သည့်ထက် သည့်ထက် ပိုအရေးကြီးတာက လွတ်လပ်ဖို့အတွက် အပြင်ကို ထွက်ခွင့်ရဖို့။

◆

mgyoe.com

mgyoe.com

# မမြအိမ်

ဒီဇင်ဘာ၊ ၁၉၇၄

ဘွားဘွားမြိုင်က ကျွန်မကို အမေနဲ့တူသတဲ့။

အေးဆေးတာရော၊ ကြောက်တတ်တာရော၊ အားငယ်တတ်တာရော တူသတဲ့။ နောက်ပြီး ဆံပင်ကောင်းတာနဲ့ လှတာပါတူပြန်သတဲ့။ ဘွားဘွားမြိုင်ပြောသမျှတွေကို အမေက သူ့ထုံးစံအတိုင်း မြဲ့စိစိပြုံးလို့။ ဒါပေမဲ့ ဒီတစ်ခါမြဲ့စိစိအပြုံးက ပိုပြီးတောက်ပနေတယ်။ သူ့အဒေါ် ဘွားဘွားမြိုင်ရောက်လာလို့ အမေဝမ်းသာနေတာ ဖြစ်မှာပေါ့။

ဘွားဘွားမြိုင်ရောက်လာတော့ အဖေတောင် နို့ဆီရုံကို သွားခါစရှိသေးတယ်။ မနက်အစောကြီး။ ကျွန်မတို့ အိမ်ရှေ့ကနေ' နော်ဖော... နော်ဖောတို့ အိမ်လားဟေ့ဆိုတဲ့ အသံကြောင့် ကျွန်မတို့ မောင်နှမတစ်အုပ်ကြီး အပြေးအလွှားထွက်ကြည့်ကြတော့ ခြင်းတောင်းတွေ၊ အိတ်တွေနဲ့ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက်။

ကျွန်မတို့က အထူးအဆန်းလို ငေးကြည့်နေတုန်း နောက်က အမေ ပြေးထွက်လာပြီး "အဒေါ်" တဲ့။ အံ့သြတကြီးနဲ့ အမေအော်တာ ဒီတစ်ခါပဲ

mgyoe.com

mgyoe.com


ကြားဖူးတယ်။ အမေ့မှာ အဒေါ်ရှိတယ်လို့ မကြားဖူးတဲ့ ကျွန်မတို့ မောင်နှမတွေမှာ အံ့ဩလို့။

ကျွန်မတို့ နားလည်ထားတာက ကရင်သွေးပါတဲ့ တောင်ငူသူ အမေ့ကို ငါန်းဖွန်သား အဖေက အညာကို တစ်ခါတည်း ခေါ်လာခဲ့တာ။ အမေ့မှာ အဖေ၊ အမေ၊ ဆွေမျိုးတွေ မရှိတော့ဘူးတဲ့။

ဘာပဲဖြစ်ဖြစ် တောင်ငူကနေ ဒီအညာထိအောင် တကူးတက လိုက်လာဖော်ရတဲ့ အမေ့အဒေါ်၊ အမေခေါ်ခိုင်းတဲ့ ဘွားဘွားမြိုင်နားမှာ ကျွန်မတို့ သားမိတစ်တွေ ပြုံးလို့ရွှင်လို့။

ဒါပေမဲ့ ဘွားဘွားမြိုင်ကတော့ ကျွန်မတို့အိမ်အခြေအနေနဲ့ ကျွန်မတို့ကိုကြည့်ပြီး မပြုံးနိုင်ဘူး။ ကျွန်မတို့ မောင်နှမခြောက်ယောက်ကို ကြည့်ပြီး "နော်ဖောရယ်... ဘာလို့ ဒါလောက်အများကြီး မွေးရတာလဲ" တဲ့။ အမေကတော့ အေးအေးပဲ။ "ဘုရားသခင်ပေးတာကို ငြင်းလို့ဖြစ်မလား အဒေါ်ရယ်"တဲ့။ နောက်ပြီး ကျွန်မကိုကြည့်ပြီး "သူ အကြီးဆုံးပေါ့... ဟုတ်လား" လို့မေးတယ်။

အမေကလည်း မေးတဲ့အတိုင်းပဲ။ "အင်း... သူ ဆယ့်ခြောက်နှစ်" တဲ့။ ကျန်တဲ့ကလေးတွေအကြောင်းတွေ ဘာတွေပြောမနေဘူး။

ဘွားဘွားမြိုင်က စစ်စစ်ပေါက်ပေါက် မေးလို့သာ...။ အကုန်လျှောက်မေးပြီးတော့ ဘွားဘွားမြိုင်က "အကြီးတွေကတော့ ထားတော့၊ ငယ်လေးတွေက ကျောင်းမထားတာကဆိုးတယ်ဟယ်" "နင့်ယောကျ်ားကလည်း နို့ဆီချက်တဲ့အလုပ်သမား ဘဝကို မတက်နိုင်သေးဘူးလား၊ အရောင်းအဝယ်လေး ဘာလေးလုပ်မှ... ဒီအိမ်ထောင်စုမျိုး အသက်ရှူချောင်မှာဟဲ့" တဲ့။ အမေကတော့ မလုပ်တော့ဘူး။ ဘွားဘွားမြိုင်ကသာ တောင်းတွေ ခြင်းတွေထဲက စားစရာတွေကို ကျွန်မတို့ဝေပေးရင်း တဖျစ်တောက်တောက်နဲ့။ အမေကတော့ ဘွားဘွားမြိုင်မလာခင်က သူ့အလုပ် လက်စဖြစ်တဲ့ ဆန်ရွေးတာကိုပဲ တငုံ့ငုံ့နဲ့ လုပ်နေတယ်။

အဲဒီပုံစံပဲ အဖေရော ကျွန်မတို့ သားသမီးတွေကရော အားမရကြတာ။ အဲ... ကျွန်မတို့သားသမီးတွေဆိုတဲ့ထဲမှာ ကျွန်မမပါဘူး။ ကျွန်မ ကိုယ်တိုင်ကပဲ ဘွားဘွားမြိုင်ပြောသလို အမေနဲ့ တူနေလို့လား မဆိုနိုင်ဘူး။ အမေ့လို

mgyoe.com

mgyoe.com


အေးအေးနေတာ ကောင်းတယ်လို့ပဲ ကျွန်မထင်တယ်။ ဘာပဲပြောပြော "အရှုံးပေးတော့ နှလုံးအေး" ဆိုတဲ့စကားကို ကျွန်မ သိပ်သဘောကျတာပဲ။ အဲဒီစကားလေးပါတဲ့ ယပ်တောင်ကို ကျွန်မတို့ မောင်နှမတွေအိပ်တဲ့ ခေါင်းရင်းထရံမှာ ထိုးထားတယ်။ ခုလို ဆောင်းတွင်းမှာ ထရံပေါက်က ဝင်တဲ့လေလည်း သက်သာတာပေါ့။

ကျွန်မတို့ ငါန်းဇွန်က ဆောင်းဆိုရင်လည်း တအားအေး၊ နွေဆိုရင်လည်း တအားပူတာပဲ။ ဒါပေမဲ့ ကျွန်မ ဒီမြို့ကလေးကို ချစ်တယ်။ မြို့လေးကသေးတော့ ကျွန်မတို့နေတဲ့ မြို့ပြင်ဘက်ဆိုတာဟာ မြို့လယ်ကောင်ဆိုတာနဲ့ ဘာမှမဝေးဘူး။ နောက်ပြီး တခြားမြို့တွေနဲ့လည်း အဆက်အသွယ်ဝေးတော့ ကိုယ့်မြို့လေးနဲ့ကိုယ် အေးအေးချမ်းချမ်းပဲ။ အနီးဆုံးဆက်သွယ်လို့ရတာက မြို့သာနဲ့ ဟိုတစ်ဖက်ကမ်း ရွာသစ်ကြီးပဲရှိတယ်။

ဘွားဘွားမြိုင်မေးလို့ ပြောပြရသေးတယ်။ မကြာခင်ရွာသစ်ကြီး အထည်စက်ရုံမှာ အလုပ်ရတော့မှာ ဆိုတဲ့အကြောင်းလေ။ ခုလောလောဆယ်တော့ ကြုံရာပေါ့။ မြစ်ဆိပ်မှာ ကုန်တင်တဲ့မော်တော်တွေပေါ် ကူလီသမလုပ်လိုက်၊ အဖေ့နို့ဆီချက်ရုံပိုင်ရှင်က အိမ်အလုပ်တွေဘာတွေ ခေါ်ခိုင်းရင်လည်း လုပ်လိုက်နဲ့ပေါ့။ အဖေလုပ်ခကလည်း တစ်နေ့တစ်ဆယ်လောက်နဲ့ ကျွန်မတို့ညီအစ်မနှစ်ယောက် လုပ်ခကလည်း ဘာရတာမှတ်လို့ မြစ်ဆိပ်ကူလီထမ်းရတဲ့နေ့ဆို ဆယ့်ငါးကျပ်၊ နို့ဆီရုံမှာ အဝတ်လျှော်ပေးတဲ့နေ့ဆို သုံးလေးကျပ်ပဲရတာ။ အဲဒီဝင်ငွေ တစ်နေ့ဆယ့်ငါးကျပ်လောက်ထားပါတော့လေ၊ အဲဒီငွေနဲ့ ကျွန်မတို့ မိသားစု ရှစ်ယောက်ဝန်ကို ဘယ်ထမ်းနိုင်ပါ့မလဲ။ ဘယ် လူချင်းတူတူ သူချင်းမျှမျှ နေနိုင်ပါမလဲ။ ဘွားဘွားမြိုင်အပြောနဲ့ဆို

"နော်ဖောရယ်… နင်တို့ ဆင်းရဲပါတယ်ဟယ်" ဆိုတာမျိုးပေါ့။ ဒါပေမဲ့ ဒီလိုပါပဲ၊ ကျွန်မတို့မြို့မှာ ကျွန်မတို့လို လူမျိုးတွေ အများကြီးပါ။ တင့်တောင့်တင့်တယ် လူချင်းတူတူ နေနိုင်တာဆိုလို့ မော်တော်ပိုင်တွေနဲ့ နို့ဆီရုံပိုင်တွေပဲရှိတာ။

ကျွန်မကတော့ အမေ့ထုံးနှလုံးမူလို့ အေးအေးပဲ။ မဝတ်ရ မစားရတာလည်း သိပ်ဝမ်းနည်းမနေပါဘူး။ တစ်ခါတလေတော့လည်း အပျို

mgyoe.com

mgyoe.com

အရွယ်ကလေးပဲ ဖြစ်တာပေါ့။ သူများဝတ်တာမြင်တော့ သွားရည်ကျမိတာပေါ့။ ဒါပေမဲ့ ကိုယ်မှမဝတ်နိုင်တာကို ဘာတတ်နိုင်မှာလဲလေ။ ကျွန်မအောက် ညီမမြစိန်ကတော့ ဝတ်စရာမရှိရင်... ကျွန်မလို အစုတ်အပြဲ ငုံ့ချုပ်နေတာ မဟုတ်ဘူး။ တွတ်တွတ်၊ တွတ်တွတ်နဲ့ပြောလိုက်၊ ဆူလိုက်၊ ဆောင့်လိုက်နဲ့ဟာ အသက်လေး ဆယ့်လေးနှစ်နဲ့ "လင်ယူပစ်မယ်" ဆိုတဲ့ စကားကိုလည်း တွင်တွင်ပြောတတ်ရဲ့။

အဖေကတော့ အချိန်တန်ရင် နို့ဆီရုံဘက်ထွက်သွား၊ ညနေ ပြန်လာရင် ရေချိန်လေးကိုက်ပြီး... အမေ့ကို ဂြိုဟ်ထိုးတတ်တယ်။ အမေကတော့ မလှုပ်၊ လုံးဝမှ မလှုပ်ထဲကပဲ။ အဖေစိတ်တိုလာပြီး လက်ပါလာရင်လည်း မျက်ရည်ကျရုံကလွဲလို့၊ ထသွားရုံကလွဲလို့ ဘာတစ်ခွန်းမှ ပြန်ပြောတာ မဟုတ်ဘူး။

ဒါတစ်ခုကိုတော့ ကျွန်မစိတ်ညစ်တယ်။ ကျွန်မက ဘယ်လိုစားရစားရ၊ ဝတ်ရဝတ်ရ စိတ်အေးချမ်းသာလေး နေချင်တာ။ စိတ်မချမ်းသာတာတွေ ပါးစပ်က လျှောက်ပြောနေလို့လည်း စိတ်ကချမ်းသာလာမှာလား။ သူတစ်ပါးကို ရန်ပြုတော့ကော စိတ်ချမ်းသာလာမှာလား။ ရင်ထဲမှာပဲ ကျိတ်မျိုချလိုက်ပေါ့ ပြီးတာပဲ။ ကိုယ်တစ်ယောက်တည်းပဲ စိတ်မချမ်းမသာဖြစ်မယ်၊ တခြားသူကို မကူးစက်တော့ဘူး။

အဖေနဲ့ မြစိန်တို့ကတော့ တူပါတယ်။ သားအဖနှစ်ယောက်က... သူတို့ မကျေနပ်တာဆိုရင် အိမ်မှာ အဝီစိပွက်မတတ် ပြောကြအော်ကြတော့တာပဲ။ အဖေကလည်း စီးပွားရှာတတ်တဲ့ မိန်းမတွေနဲ့နှိုင်းပြီး အမေ့ကို ဂြိုဟ်ထိုးတယ်။ "လူတိုင်းအလုပ်လုပ်မှကွ...၊ ယောကျ်ားလုပ်စာနဲ့ တစ်အိမ်လုံး ဖိမ်ခံနေလို့ မရဘူးကွ..." ဆိုတဲ့စကားကို လှိုင်လှိုင်ပြောသေးတယ်။ ကိုင်း... အမေက ဘာလုပ်ရမှာလဲ။ ပညာမတတ် ဘာမတတ်နဲ့ ရိုးအအမိန်းမတစ်ယောက်ဟာ သားသမီးတွေတစ်ဖက်နဲ့ အိမ်ထောင်မှု ထိန်းသိမ်းနိုင်ပြီဆိုရင် မတော်သေးဘူးလား။

အင်း... ခုရက်ပိုင်း ဘွားဘွားမြိုင် ရောက်နေတဲ့အချိန်မှာတော့ တော်သေးတယ်၊ အဖေရော မြစိန်ရော ငြိမ်နေကြတယ်။ နို့မို့ဆို အမေ့ကိုရန်မရှာရရင် အဖေက မြစိန်ရည်းစားထားမှုနဲ့ စွပ်စွဲပြီး သားအဖနှစ်ယောက်အော်

mgyoe.com

mgyoe.com


ကြတာ။

ဘွားဘွားမြိုင်ကလည်း ကြာကြာမနေပါဘူး။ နှစ်ရက်သုံးရက်ပါပဲ။ သူ့သမီးငယ်ကမွေးတဲ့ မြေးပေါက်စလေးကိုလွမ်းလို့ ကြာကြာ မနေနိုင်ဘူးတဲ့၊ ဒါတောင် သူ့တူမကို တွေ့ချင်လွန်းလို့ မန္တလေးလာရင်း တကူးတက ရှာလာတာတဲ့၊ ဒါကြောင့် ကြာကြာမနေနိုင်ဘူးပေါ့။

ဒါပေမဲ့ သူကအပြန်မှာ ကျွန်မကို ခေါ်သွားချင်တယ်တဲ့။ အမေက ဝမ်းသာအားရထည့်တယ်။ မြစိန်ကတော့ သူ မလိုက်ရလို့လား မသိ "အလကားမိန်းမကြီး၊ ငါတို့နဲ့ သိပ်ဆွေမျိုးရင်းတာ မဟုတ်ဘူး၊ အမေ့ကို ငါမေးပြီးပြီ၊ နင့်ကို သူ့အိမ်မှာ ခိုင်းရအောင်လို့နေမှာ" တဲ့။

* * *

"မနော်သမီးက... မနော်နဲ့ တူတယ်နော် မေမေ။ မနော်လိုတော့ ခိုင်းကောင်းပါ့မလား မသိဘူး၊ မနော်ကတော့ ခိုင်းလို့သိပ်ကောင်းတာမှ ပြန်ပြောမနေဘူး အကုန်လုပ်တာပဲ"

ခရီးရောက်မဆိုက် ဘွားဘွားမြိုင်သမီး စကားကြောင့် ကျွန်မရင်ထဲ တစ်မျိုးကြီးပဲ။ ကျွန်မ ဒီအိမ်မှာနေဖို့ လိုက်လာကတည်းက အခံ့သားနေဖို့ မဟုတ်ပါဘူး၊ ကျွန်မအိမ်အလုပ်တွေ ကူညီညာလုပ်မှာပါ၊ ကျွန်မသိပါတယ်။ ဒါပေမဲ့ သူပြောပုံကြီးက ဆွေမျိုးမဟုတ်သလိုပဲ၊ အိမ်ဖော်တစ်ယောက်ကို ပြောတဲ့ပုံမျိုး နောက်ပြီး အမေဟာ ဟိုအရင် အပျိုဘဝတုန်းကများ ဒီအိမ်မှာ နေခဲ့ဖူးသားပဲ။ ဒါကြောင့်များ အဖေက ကျွန်မလိုက်ဖို့ကိစ္စမှာ သဘောမတူတာလား။

"ကဲ... ကဲ နောက်မှ တူအရီးတွေ စကားပြောကြ၊ မြအိမ်မှာ ခရီးမသွားစဖူး သွားရတော့ သူ့မှာ ကြောက်လန့်လို့၊ ပင်ပန်းလို့ သွားရေမိုးချိုး။ နောက်ပြီး ညည်းဆံပင်တွေကို ဆီတွေ ဘာတွေထည့်စမ်း၊ ဆံပင်ကြီးက ကောင်းကကောင်းနဲ့ နီရဲနေတာပဲ၊ နှမြောစရာ"

ဘွားဘွားမြိုင်ရဲ့ ရေပက်မဝင်စကားတွေ ကြားရတော့လည်း ကျွန်မ ဘာတွေမှ တောင်တောင်အီအီ တွေးမနေတော့ပါဘူး။ ကျွန်မရေချိုးနေတုန်း ဘွားဘွားမြိုင်သမီး လာပေးတဲ့ ကလေးအနီး အပေအရေတွေကိုလည်း

mgyoe.com

mgyoe.com


ကျွန်မ လျှော်ပေးလိုက်တာပါပဲ။ ရေချိုးပြီး ကျွန်မဆံပင် တထွေးကြီးကို ဆီထည့် ကျစ်ဆံမြီးကျစ်ပြီး ဘွားဘွားမြိုင်လာပေးတဲ့ သူ့သမီးအကျ အင်္ကျီလှလှ တစ်ထည်ဝတ်ပြီး ကလေးပေါက်စလေးကို ကျွန်မထိန်းရတော့ လည်း ပျော်တောင်ပျော်သေးတယ်။ ကျွန်မက ကလေးချစ်တတ်တာကိုး။ အမေမွေးသမျှ ကျွန်မမောင်တွေကို မညည်းမညူ ထိန်းခဲ့တာပဲဥစ္စာ။ အဲဒီ တုန်းက ဖုန်တွေ၊ သဲတွေ အလူးလူးနဲ့ ကလေးတွေကိုတောင် ကျွန်မပျော် ပျော်ရွှင်ရွှင် ထိန်းခဲ့သေးတာပဲ။ ခုလိုမွေးပြီး သန့်နေတဲ့ကလေးကို ထိန်းရ တာ ကျွန်မဘာလို့ ညည်းညူရမှာလဲ၊ ပျော်တောင်ပျော်ပါသေးတယ်။ ကလေးတင်မဟုတ်ဘူး ကျွန်မကလည်း သန့်ရှင်းသပ်ရပ်လို့လေ။ ဘွားဘွားမြိုင် အပြောနဲ့ဆို "မြအိမ်က နဂိုရှိတော့ နဂိုင်းထွက်လာတယ်ဟေ့၊ ပြင်လိုက် ဆင်လိုက်တော့ လှလို့" တဲ့။ ဘွားဘွားမြိုင်တို့က ကြည့်ရတာ သိပ်ချမ်းအသာ ကြီးတော့ မဟုတ်ပါဘူး။ ကျွန်မတို့ထက်စာရင်တော့ အများကြီးချမ်းသာ တာပေါ့လေ။ သူ့သမီးအကြီးက ရန်ကုန်မှာ အိမ်ထောင်ကျပြီး သမီးအငယ် က တောင်ငူမှာပဲ အိမ်ထောင်ကျတယ်။ ဘွားဘွားမြိုင်နဲ့ အတူနေပေါ့။ သမီးငယ်ယောကျ်ားက သစ်တောဝန်ထောက်၊ ဒီမြို့မှာပဲ သမီးအငယ်က လည်း ဒီမြို့မှာ အလယ်တန်းပြဆရာမတဲ့။ ဒီအိမ်မှာ ဘွားဘွားမြိုင်ရယ် သမီးအငယ် မိသားစုရယ်အပြင် သမီးကြီးပို့ထားတဲ့ ဆယ်နှစ်လောက် ကလေးမလေးတစ်ယောက် ရှိသေးတယ်။

အိမ်သားများလှတယ်လို့ မဆိုနိုင်ပေမယ့် အကုန်လုံးက မနက်လင်း ရင် ထွက်ကြတဲ့လူတွေဆိုတော့ အိမ်မှုကိစ္စနဲ့ ကလေးထိန်းဖို့က ဘွားဘွား မြိုင်တစ်ယောက်ပဲ ရှိတော့တာပေါ့။ ဒီတော့ ဒီအိမ်မှာ ကျွန်မဟာ အလွန် အသုံးကျတဲ့သူပဲပေါ့။

တစ်နည်းအားဖြင့်တော့လည်း မြစိန်ပြောတာ မှန်သလိုလိုပဲ။ ကျွန်မ ကိုခိုင်းဖို့ ခေါ်လာတာပါပဲ။ ဒါကို အမေလည်း သိမှာပါ။ ဒါပေမဲ့ ကျွန်မ ကြီးကျယ်နေစရာ မလိုပါဘူး၊ အမေ့ကိုလည်း စိတ်ဆိုးစရာမလိုပါဘူး။ ငါန်းဖွန်တုန်းကတောင် သူများအိမ်မှာ အလုပ်သွားလုပ်ပေးနေသေးတာပဲ။ ဒီမှာက ဘာပဲပြောပြော အမျိုးဆိုတဲ့အနေနဲ့ ဆူတာဆဲတာမျိုးတော့ သိပ် မခံရဘူးပေါ့။ ဘွားဘွားမြိုင်သမီး မမလေးက လွဲရင်ပေါ့လေ။ သူကတော့

mgyoe.com

mgyoe.com


ငယ်ကတည်းက အလိုလိုက်ခံထားရလို့တဲ့၊ သူပြောချင်ရင် မရဘူးတဲ့။ ဘွားဘွားမြိုင်ကတော့ မဆိုးပါဘူး။ ထောင့်စေ့အောင် ခိုင်းတတ်ပေမယ့် အပြောကတော့ ချိုလှရှာပါတယ်။

ဘာပဲပြောပြောလေ နေပူထဲမထွက်ရဘဲ ကျွန်မကောင်းကောင်းမွန်မွန် နေရစားရတာရယ်၊ လဆန်းရင် ဘွားဘွားမြိုင်က "ဟဲ့... နင့်အမေဆီ ငွေငါးဆယ် မနေ့က ပို့လိုက်ပြီ" ဆိုတဲ့ စကားလေးကြားရတာရယ်ကိုက ကျွန်မ နေပျော်ပါတယ်။ ကျွန်မလုပ်ပျော်ပါတယ်။

တစ်ခုပဲရှိတယ်။ ရန်ကုန်က မမကြီးရဲ့သမီး ပုလဲမရဲ့ဒဏ်နဲ့ မမလေးယောကျာ်းရဲ့ ကြေးများတဲ့ဒဏ်က ကျွန်မကို သိပ်စိတ်ကျဉ်းကျပ်စေတာပဲ။

ပုလဲမက ဘွားဘွားမြိုင်ရဲ့ မြေးဦး၊ မိဘတွေရဲ့ သမီးဦးလည်းဖြစ်တော့ အလိုလိုက်ခံထားရပြီး သိပ်ကြောက်စရာကောင်းတာ။ ဟုတ်တယ်၊ ကျွန်မတော့ အဲလိုပဲ ပြောလိုက်ချင်တယ်။ ကျွန်မကို သူက "မြအိမ်" လို့ပဲ ခေါ်တယ်။ သူကျောင်းသွားဖို့ ပြင်ဆင်နေရင်းက ရုတ်တရက် အလိုမကျဖြစ်လာရင် အော်ငိုပြီး "မေမေကြီးရေ၊ သမီးကို မြအိမ် ဆွဲဆိတ်နေပြီ" တဲ့၊ ကျွန်မကို ဘွားဘွားမြိုင်ယုံပေမယ့် မြေးချစ်ဆိုတော့ နည်းနည်းတော့ သံသယလေးနဲ့ပေါ့။ မမလေးရဲ့ သားလေးကိုလည်း သူပဲ ဆတ်ခနဲဆွဲလုပ်သွားပြီး "အန်တီရေ...၊ မြအိမ်က ကလေးကိုရိုက်တယ်"လို့ အော်ပြောလိုပြောနဲ့။ ကျွန်မ သူ့ကို တကယ်ကြောက်လာတယ်။ ကျွန်မ အိပ်ပျော်နေရင်လည်း မျက်နှာပေါ် ရေလာလောင်းလိုလောင်း၊ ပါးစပ်ထဲ လာလောင်းလိုလောင်းနဲ့ ကျွန်မကို တော်တော်ဒုက္ခပေးတဲ့ဟာမလေး။ တစ်ခါတလေ စိတ်တောင်တိုတယ်။ အေးလေ... ဒါပေမဲ့ ကလေးပဲဥစ္စာ။ ကျွန်မကလေးနဲ့ ဘက်ပြိုင်ပြီး ရန်ဖြစ်လို့ တော်မလား။ အရှုံးပေးတော့ နှလုံးအေးသတဲ့။ သည်းခံလိုက်တာပါပဲ။

မမလေး ယောကျာ်းကျတော့လည်း တစ်မျိုး။ သူကညနေတိုင်း အရက်သောက်တတ်တယ်။ မမလေးကလည်း သောက်ခွင့်ပေးထားတယ်။ ညနေ သူသောက်ချိန်ဆို ကျွန်မက အမြည်းတွေဖန်ခွက်တွေ လုပ်ပေးပြီး မမလေးနဲ့ လင်မယားနှစ်ယောက် ထမင်းစားခန်းထဲမှာ ထိုင်ကြတယ်။ မမလေးက အမြည်းစားရင်းပေါ့။ အဲလိုအချိန်မျိုးဆို ဘွားဘွားမြိုင်က

mgyoe.com